# ဒီမိုကရက်တစ်မြန်မာ့အသံ
# နိုင်ငံရေးအကျဉ်းသားများသတင်း
## မတ်လ – ၂၀၀၇

ခွန်ထွန်းဦး နှင့်ရှမ်းခေါင်းဆောင် (၈) ဦးအတွက် အထူးအာ ယူခံ ၁၊ မတ်၊ ၂၀၀၇

အင်းစိန်းထောင်မှ ကျူရှင်ဆရာ ကိုအောင်ဖေ ဗိုလ်ချုပ်မွေးနေ့အတွင်း၌ အစာငတ်ခံဆန္ဒပြ ၂ ၊ မတ် ၊ ၂၀၀၇

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင် တဦးနှင့် ဆက်သွယ်မေးမြန်းချက် ၆ ၊ မတ် ၊ ၂၀၀၇

သံလျင်တက္ကသိုလ် ကျောင်းသူတဦးကို ရဲက ညှဉ်းစာရင်းမှုနဲ့ ဖမ်းဆီးချုပ်နှောင် ၇ ၊ မတ် ၊ ၂၀၀၇

သတင်းစာဖြတ်ပိုင်း ခြံစည်းရိုးကပ်မှုနှင့် သက်နှင်းကျွန်းမှ ဦးသိန်းဇံကို အာဏာပိုင်များ ဖမ်းဆီး ၇ ၊ မတ် ၊ ၂၀၀၇

ခြံစည်းရိုး၌ စာကပ်သူတဦးအား သက်နှင်းကျွန်း တရားရုံးတွင် ရုံးထုတ်စစ်ဆေး ၈ ၊ မတ် ၊ ၂၀၀၇

အမျိုးသားရေး ဦးဝင်းနိုင်နှင့် ကိုထင်ကျော်တို့ ပြန်လည်လွှတ်မြောက် ၉ ၊ မတ် ၊ ၂၀၀၇

လာဘ်စားမှုကို တိုင်ကြားသဖြင့် ထောင်ကျနေသူ လယ်သူမတဦး၏ အယူခံအမှုကို ၁၀ ၊ မတ် ၊ ၂၀၀၇

ကိုသွင်လင်းအောင်ကို အမြန်ပြန်လွှတ်ပေးရန် (၈၈) ကျောင်းသားများ တောင်းဆို ၁၂ ၊ မတ် ၊ ၂၀၀၇

နေအိမ်ခြံစည်းရိုး စာကပ်မှုနှင့် ဖမ်းဆီးထားသူ ဦးသိန်းဇံ ရုံးချိန်း ထပ်မံရွှေ့ဆိုင်း ၁၄၊ မတ်၊ ၂၀၀၇

ကိုသွင်လင်းအောင်ကို အာဏာပိုင်များ ဆက်လက် ဖမ်းဆီး စစ်ဆေးမှု ပြုလုပ် ၁၄၊ မတ်၊ ၂၀၀၇

ကုန်ဈေးနှုန်း ကျဆင်းရေး တောင်းဆို သဖြင့် အဖမ်း ခံရသူ (၇) ဦး ပြန်လည် လွတ်မြောက် ၁၄၊ မတ်၊ ၂၀၀၇

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှ အမျိုးသမီးခေါင်းဆောင် တဦးဖြစ်သူ ဒေါ်ခင်မြင့်မြင့် ကွယ်လွန် ၁၇ ၊ မတ် ၊ ၂၀၀၇

လူထု ဆန္ဒပြပွဲနောက်ပိုင်း အာဏာပိုင်များ၏ ဖမ်းဆီးခေါ်ဆောင်ခြင်း ခံရသူများ ယခုအချိန်ထိ မလွတ်မြောက်သေး မတ် ၊ ၁၇ ၊ ၂၀၀၇

ပြည်မှ လူ့အခွင့်အရေး လှုပ်ရှားသူ နှစ်ဦး ဖမ်းဆီးခြင်းခံရ ၂၀ ၊ မတ် ၊ ၂၀၀၇

အရပ်သားတဦး သေဆုံးမှု၌ သက်သေထွက်ဆိုမည့်သူကို ကြံ့ဖွံ့များက လိုက်လံဖမ်းဆီး ၂၁ ၊ မတ် ၊ ၂၀၀၇

လှည်တန်းဈေးရှေ့ တကိုယ်တော် ဆန္ဒပြခဲ့သူ ကိုထင်ကျော် အာဏာပိုင်များမှ ဖမ်းဆီး ၂၂ ၊ မတ် ၊ ၂၀၀၇

လှည်းတန်းဈေးရှေ့၌ ကိုယ်တော်ဆန္ဒပြခဲ့သူ ကိုထင်ကျော် ပြန်လည်လွတ်မြောက် ၂၃ ၊ မတ် ၊ ၂၀၀၇

ညောင်တုန်း၌ ဗိုလ်ချုပ်မျိုးကြီးသမီး မင်္ဂလာဆောင်အခွေ ကြည့်သူ လူငယ်နှစ်ဦး ဖမ်းဆီးခံ ၂၄ ၊ မတ် ၊ ၂၀၀၇

ဦးသိန်းဇံ၏အမှု အာမခံမပေးဘဲ ရုံးချိန်း ထပ်မံချိန်းဆို ၂၆ ၊ မတ် ၊ ၂၀၀၇

ခြံစည်းရိုး စာကပ်သူ ဦးသိန်းဇံကို အာမခံဖြင့် ပြန်လည်လွှတ်ပေး ၂၈ ၊ မတ် ၊ ၂၀၀၇

အာမခံဖြင့် ပြန်လည်လွတ်မြောက်လာသူ ဦးသိန်းဇံနှင့် ဆက်သွယ် မေးမြန်းချက် ၂၈ ၊ မတ် ၊ ၂၀၀၇

ဗိုလ်ချုပ်ကဗျာ ရေးစပ်သူ ကျောက်ဆည်မှ စာပေသမားတဦး ဖမ်းဆီးခံရ ၂၉ ၊ မတ် ၊ ၂၀၀၇

ညောင်တုန်းမှ စိန်စီသောညအခွေ ကြည့်မှုဖြင့် အဖမ်းခံရသူများ၏ ရုံးချိန်းရက် ထပ်ရွှေ့ ၂၉ ၊ မတ် ၊ ၂၀၀၇

---

## ခွန်ထွန်းဦး နှင့်ရှမ်းခေါင်းဆောင် (၈) ဦးအတွက် အထူးအ ယူခံ

*၁၊ မတ်၊ ၂၀၀၇*

ခွန်ထွန်းဦး အပါအဝင် ရှမ်းခေါင်းဆောင် (၈) ဦးအတွက် အထူးအယူခံကို ယနေ့ ဒုတိယအသုတ်အဖြစ် လျှောက်လဲခဲ့ကြောင်း အကျိုးဆောင် ရှေ့နေ ဦးအောင်သိန်း၏ ပြောပြချက် အရ သိရပါသည်။ အမှုတွဲပေါင်း (၃၈) ခုအနက် (၁၉) မှုကို ပြီးခဲ့တဲ့အပတ်က လျှောက်လဲခဲ့ပြီး ကျန် (၉) မှုကို တရားသူကြီး နှစ်ပါးထိုင်ရုံးတွင် ယနေ့ လျှောက်လဲခဲ့ခြင်း ဖြစ်ပါသည်။ ၄ပ်းကိစ္စနဲ့ပတ်သက်ပြီး ဦးအောင်သိန်းမှ ယခုလို ပြောပြပါသည်။

“ဒီကနေ့ လျှောက်လဲတဲ့ ကိစ္စကတော့ အပက (၃) အမှုတွေ ပါတယ်။ နောက်ပြီးတော့ ကုမ္ပဏီ စည်းမျဉ်းစည်းကမ်း တွေပါတယ်၊ နောက်တခါ နိုင်ငံတော် အကြည်ညိုပျက်စေမှုနဲ့ ပတ်သက် တဲ့ ကိစ္စရပ်တွေပါတယ်။ အဲဒီတော့ ဒီကနေ့ (၉) မှု ပေါ့နော်။ (၉) ခုကို ကျနော် လျှောက်လဲချက် ပေးတယ်။”

ဟောင်ကောင်အခြေစိုက် အာရှ လူ့အခွင့်အရေး အဖွဲ့ကလည်း ခွန်ထွန်းဦး အပါအဝင် ရှမ်းခေါင်းဆောင်တွေကို ထောင်အနှစ် (၁၀၀) ကျော် အထိ ချမှတ်ထားခြင်သည် ဥပဒေနှင့် မညီသည့် အတွက် ၄င်းကိစ္စအပေါ် ကြားဝင်ဆောင်ရွက်ပေးရန် ကုလသမဂ္ဂ လုပ်ငန်းအဖွဲ့ထံသို့ စာရေးတောင်းဆို ထားပါသည်။ အမှုဖြစ်စဉ် အသေးစိတ်ကို ကုလသမဂ္ဂ လုပ်ငန်းအဖွဲ့ထံ ပြီးခဲ့တဲ့အပတ်တွင် ပေးပို့ခဲ့ပြီးသည့်နောက် နောက်ထပ် လိုအပ်ချက်တွေကို တောင်းဆိုလာသည့်အတွက် ယနေ့ ထပ်မံပေးပို့ခဲ့ရကြောင်း အာရှ လူ့အခွင့်အရေး အဖွဲ့မှ ကြေညာချက်ထုတ်ပြန် ထားပါသည်။ ရှေ့နေကြီး ဦးအောင်သိန်းက ခွန်ထွန်းဦးတို့ ကိစ္စကို အခုလို ဝိုင်းဝန်းဆောင် ရွက်ပေးနေသည့်အတွက် ဝမ်းသာမိကြောင်း ပြောပြပါတယ်။

“ဒါကတော့ ကောင်းတဲ့ဟာပဲ။ အမှန်တရားကို ဝိုင်းဝန်းပြီးတော့ သူတို့လဲ သူတို့ဟာ သူတို့ နိုင်ငံတကာ ပြင်ပကနေ ဝိုင်းဝန်းဖော်ထုတ်တယ်ဆိုလဲ၊ ဖော်ထုတ်ပေ့ါ။ ကျနော်တို့ ပြည်တွင်း ကလဲ နိုင်သ၍ ဖော်ထုတ်တာပေ့ါနော်။ ဒါပေမဲ့ ဖော်ထုတ်ပုံဖော်ထုတ်နည်း၊ ပြောပုံပြောနည်း လမ်းကြောင်းတွေကတော့ တူချင်မှ တူမှာပေ့ါ။ သူတို့ကတော့ International Stand တခု အနေနဲ့ ပြောမယ်၊ ကျနော်တို့က ပြည်တွင်းက Stand တခုအနေနဲ့ ပြောတာကိုး။ ဒါပေမဲ့ ဒီလို

ဝိုင်းဝန်းပါဝင်တယ်ဆိုတော့ ကျနော်တို့က အမှုသည်ဖြစ်တဲ့သူတွေ လွတ်ရာလွတ်ကြောင်း အတွက် ဆို ကျနော်က ဝမ်းသာ ကျေနပ်ရမှာပေါ့။ ဒါက ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်တဲ့ သဘောဖြစ်ရင် ပိုကောင်းတာပေါ့။ ဒါပါပဲ။”

ခွန်ထွန်းဦး စိုင်းညွန့်လွင်နှင့် ဗိုလ်ချုပ်ဆေထင် အပါအဝင် ရှမ်းခေါင်းဆောင် (၈) ဦးကို နိုင်ငံတော်ပုန်ကန်မှု အပါဝင် ပုဒ်မပေါင်းများစွာနှင့် ထောင် အနှစ် (၈၀) မှ (၁၀၆) နှစ်အထိ အသီးသီး ချမှတ်ထားပါသည်။ ၎င်းနောက် ပူတာအို၊ ခန္တီး၊ ဘူးသီးတောင်စသည့် ဝေးလံခေါင်ဖျား အကျဉ်းထောင်များထံသို့ ပို့ဆောင်ထားခြင်း ဖြစ်ပါသည်။

(အစသို့)

---

## အင်းစိန်းထောင်မှ ကျူရှင်ဆရာ ကိုအောင်ဖေ ဗိုလ်ချုပ်မွေးနေ့အတွင်း၌ အစာတော်ခံဆန္ဒပြ

*၂ ၊ မတ် ၊ ၂၀၀၇*

လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း ဓါတ်ပုံကို အလေးပြုလို့ဆိုပြီး ထောင် (၃) နှစ် ချထားသည့် တွံတေးမြို့မှ ကျူရှင်ဆရာ ကိုအောင်ဖေသည် ပြီးခဲ့သည် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ ဖေဖော်ဝါရီ (၁၃) ရက်နေ့တွင် အင်းစိန်ထောင်အတွင်း အစာတော်ခံ ဆန္ဒပြခဲ့ကြောင်း သိရပါသည်။ ကိုအောင်ဖေကို (၂၀၀၅) ခုနှစ် ဖေဖော်ဝါရီ (၁၂) ရက်နေ့ကတည်းက ဗိုလ်ချုပ်အောင်ဆန်း ဓါတ်ပုံ အလေးပြုမှုနှင့် ဖမ်းဆီးထားသည်မို့ ထောင်သက် (၂) နှစ် ရှိပါပြီ။ သူ့ကို မတရားဖမ်းဆီးထား၍ဆိုပြီး အင်းစိန်ထောင်တွင်း အစာတော်ခံ ဆန္ဒပြခဲ့သည့် အကြောင်းကို ထောင်ဝင်စာတွေ့ ပြန်လာသူ တဦးမှ ယခုလို ပြောပြပါသည်။

“အဆောင် (၅)၊ အခန်း (၇) က တွံတေးက ဆရာဦးအောင်ဖေက (၂၀၀၇) ခုနှစ် ပြည်ထောင်စုနေ့မှာ သူ အစာတော်ခံ ဆန္ဒပြတယ်။ (၁၃) ရက်နေ့ ဗိုလ်ချုပ်မွေးနေ့မှာလဲ အစာတော်ခံ ဆန္ဒပြတယ်။”

ယခုလို ကိုအောင်ဖေ အစာတော်ခံ ဆန္ဒပြနေခြင်းနှင့် ပတ်သက်၍ အင်းစိန်ထောင်ကို ဆက်သွယ်မေးမြန်းသည့်အခါ ဖုန်းကိုင်သူ အရာရှိမှ အယုလို ဖြေဆိုပါသည်။

“အဲဒါ ကျနော်တို့ မသိပါဘူးခင်ဗျာ။”

သို့ပေမဲ့လည်း ယနေ့ ထောင်ဝင်စာတွေ့ ပြန်လာသူမှ ကိုအောင်ဖေရဲ့ ကျန်းမာရေး အခြေအနေပါ ဆိုးရွားနေသည် ဟု ယခုလို ပြောဆိုပြန်ပါတယ်။

“ကျန်းမာရေး တော်တော်မကောင်းဖြစ်နေတယ်။ အူကျနေတယ်။ လမ်းလဲ မလျှောက်နိုင်ဘူး။ တော်တော်ကို အောင့်နေတယ်။ အဲဒါ အာဏာပိုင်တွေကို အကြောင်းကြားတော့ (၂၁၊ ၁၁၊ ၂၀၀၆) ခုနှစ်ကတော့ လာရောက်ကြည့်ရှု ဆေးကုသပေးမယ် ပြောပြီးတော့ ယနေ့ချိန်ထိ ဘာဆေးကုသမှုမှ မခံယူရဘူး။ နောက် သူတို့ အိမ်ကလဲ ထောင်ဝင်စာက မလာဘူး။ ဆရာ့မှာ တော်တော် အခက်အခဲ ဖြစ်နေတယ်။”

ယခုလို အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသားများ၏အစာတော်ခံ ဆန္ဒပြမှုများသည် မကြာခဏ ဖြစ်ပွားနေပါသည်။ ပြီးခဲ့တဲ့ ဒီဇင်ဘာတွင်လည်း အင်းစိန်ထောင်မှာပင် စစ်ကိုင်းတိုင်း တန့်ဆည်အမတ် ဦးကျော်ဆန်း အစာတော်ခံ ဆန္ဒပြခဲ့သလို၊ မော်လမြိုင်ထောင်မှ ဦးစံမြင့်နှင့် ကျောင်းသားခေါင်းဆောင် မျိုးသူရထွန်းတို့လည်း အစာတော်ခံ ဆန္ဒပြခဲ့ကြပါသည်။

(အစသို့)

---

## မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင် တဦးနှင့် ဆက်သွယ်မေးမြန်းချက်

*၆ ၊ မတ် ၊ ၂၀၀၇*

ကုန်ဈေးနှုန်း ကျဆင်းရေး – ပြည်သူ့အရေး၊ လျှပ်စစ်မီး (၂၄) နာရီ ရရှိရေး – ပြည်သူ့အရေး စတဲ့ ပြည်သူ့အရေး ကြွေးကြော်သံများနှင့် သိမ်ကြီးဈေးရှေ့တွင် ငြိမ်းချမ်းသည့် ပြည်သူ့ဆန္ဒသဘောထား ထုတ်ဖော်ပွဲတွင် ဦးဆောင်ခဲ့သည့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ ၎င်းတို့ တောင်းဆိုခဲ့သည့် ပြည်သူ့အရေး (၁၇) ချက်ကို အာဏာပိုင်များဖက်မှ အချိန်ကာလတခုအတွင်းတတွင် လိုက်လျော အကောင်အထည် ဖော်ပေးလိမ့်မည်ဟု မျှော်လင့်ထားကြောင်း ဒီဗွီဘီကို ပြောပါသည်။

မျှော်လင့်ထားသည့် အချိန်ကာလတခုထိမှ ဆောင်ရွက်ပေးခြင်း မရှိခဲ့လျှင် ပြည်သူ့ဆန္ဒသဘောထား ထုတ်ဖော်ပွဲများ ဆက်လက်ပြုလုပ်ရလိမ့်မည်ဖြစ်ကြောင်းလည်း ဒီဗွီဘီမှ ဆက်သွယ်မေးမြန်းစဉ် သတိပေး ပြောဆိုလိုက်ပါသည်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့မှ ကိုထင်ကျော်နှင့် ဆက်သွယ် မေးမြန်းချက် ဖြစ်ပါသည်။

ဒီဗွီဘီ ။ ။ ကျနော်တို့ သိသလောက် အဲဒီ (၁၇) ချက်ကို ကိုထင်ကျော်တို့ သိမ်ကြီးဈေးရှေ့မှာ အဲလိုပေါ့လေ၊ ငြိမ်းငြိမ်းချမ်းချမ်း မတောင်းဆိုခင်မှာ ဟို ဒီ နအဖ ဥက္ကဋ္ဌဆီ စာရေးပေးပို့တယ်ဆိုတာရော ဟုတ်ပါသလား။

“ပို့လိုက်ပါတယ်။ ပို့လိုက်ပါတယ်။

” ဒီဗွီဘီ ။ ။ ဟုတ်ကဲ့ခင်ဗျ၊ ကိုထင်ကျော်တို့ ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒပြတယ်ပေါ့၊ နောက် ယာယီထိမ်းသိမ်းခံရတယ်ပေါ့၊ ထိမ်းသိမ်းခံရတဲ့ အချိန်မှာ ကိုထင်ကျော်ကို ဘာတွေမေးလဲ။

“ကျနော်တို့ ဒီအချက် (၁၇) ချက်ကို နိုင်ငံတော် အကြီးအကဲဆီကို စာပို့ရုံနဲ့ မလုံလောက်ဘူးလား ခင်ဗျ။ မေးတဲ့အခါကျတော့ ကျနော် သူတို့ကိုတော့ ပြောပြပါတယ်။ ကျနော်တို့က ဒီစာတွေဟာ ပြည်သူတွေ ဒုက္ခခံစားနေရတဲ့ အခြားအကြောင်းအရာတွေ အောက်ခြေမှာ အခြားအဖွဲ့အစည်းတွေရဲ့ ဖိနှိပ်မှုတွေ အဲဒါတွေကို ကျနော်တို့ ကြိမ်ဖန်များစွာ (၁၈) နှစ်တာ ကာလများမှာ တင်ခဲ့တာတွေလဲ ရှိပါတယ်။ ဒါပေမယ့် ကျနော်တို့ ဒီ ပြည်သူတွေကို ပြန်လည်တုံ့ပြန်မှု အနေအထားအရ တစုံတရာမှ မရှိခဲ့တဲ့အတွက် ကျနော်တို့ စစ်ကြောရေးဌာနမှာ ရှိတဲ့ အရာရှိတွေကို ကျနော် ရှင်းပြခဲ့ပါတယ်။ ကျနော်တို့က ဒီအောက်ခြေမှာဖြစ်နေတဲ့ ပြည်သူတွေရဲ့ ခံစားချက်တွေကို အခုလိုမှ မတင်ပြဘူးဆိုရင် နိုင်ငံတော်အကြီးအကဲတွေက ကျနော်တို့တချိန်တုန်းက (၈၈) ကာလမှာ ဦးနေဝင်း ပြောခဲ့တဲ့ စကားတခွန်း ရှိပါတယ်လို့ သူတို့ကို ကျနော် ပြောခဲ့ပါတယ်။ အဲဒီစကားကတော့ အောက်ခြေမှာ ဖြစ်ပျက်သမျှတွေ အားလုံးကို ကျုပ်ကို အောက်ခြေက ညာနေကြတယ်၊ ကျုပ်ဘာမှ မသိပါဘူးဆိုတဲ့ ဒီလို စွပ်စွဲချက်မျိုးနဲ့ တိုင်းပြည်ကို ဥပေက္ခာပြုပြီးတော့ ပျက်စီးရတဲ့ ဘဝရောက်ခဲ့တဲ့အတွက် ကျနော်တို့ဟာ အောက်ခြေမှာ ဘာတွေဖြစ်နေတယ်ဆိုတာ နိုင်ငံတော်အကြီးအကဲတွေ သိသင့်ကြောင်းကို ကျနော်တို့က ဒီ ဆန္ဒပြုထုတ်ဖော်ပြီးမှ ပြည်သူကြားထဲကမှ နိုင်ငံတော်အကြီးအကဲတွေ ဒါတွေဖြစ်နေပါတယ်လို့ တင်ပြတဲ့အတွက် နောက်နောင်အခါကို ဒုတိယအကြိမ် လက်ညှိုးထိုးပြီးတော့ မသိပါဘူးဆိုတဲ့ ပုံစံမျိုး ဖြစ်မှာစိုးလို့ ကျနော်တို့ တင်ပြခြင်း ဖြစ်တယ်လို့ စစ်ကြောရေးမှာ ဒီအတိုင်းပဲ ကျနော်ပြောခဲ့ပါတယ်။

ဒီဗွီဘီ ။ ။ ဟုတ်ကဲ့ ကျနော်တို့ သိသလောက်ဆို၊ ကိုထင်ကျော်တို့ အဲဒီနေ့က သိမ်ကြီးဈေးရှေ့မှာဆို ဦးဆောင်တဲ့လူတယောက်လို့ ပြောလို့ရတယ်ပေါ့လေ။ အဲလို ပြန်လွှတ်ပေးတော့ ကိုထင်ကျော်ကို ဘယ်လိုမျိုး အဲဒီ နှောင်ကြိုးတွေ ဘာတွေနဲ့ ပြန်လွှတ်ပေးလိုက်လဲ။

“အဲ ဒီဟာကတော့ ခင်ဗျား၊ ကျနော်တို့ ပြစ်မှုပြစ်ဒဏ်တွေကို ပြန်လွှတ်တဲ့အခါမှာ သူတို့ သက်ဆိုင်ရာအကြီးအကဲ တယောက်က ဒီဟာတွေ သိရှိကြောင်းပေါ့နော်၊ အဲ ကျနော်တို့ကလဲ လက်ရှိ ရှိနေတဲ့အနေအထားမှာ သူတို့ရဲ့ ဆုံးဖြတ်ချက်အတိုင်း ကျနော် လက်မှတ်ထိုးပေးရတယ်။ ဒါပေမယ့် စစ်ကြောရေးမှာ ကျနော့်ဝန်ခံချက်တွေ ရှိပါတယ်။ ကျနော်ဒီ (၁၇) ချက်အပေါ်မှာ အုပ်ချုပ်နေတဲ့ နိုင်ငံတော် အကြီးအကဲတွေက ပြည်သူတွေအတွက် လိုက်လျောလိမ့်မယ်လို့လဲ ကျနော် ယုံကြည်မိပါတယ်၊ ယုံကြည်ချက်လဲ ထားပါတယ်။ တကယ်လို့ ဒီ (၁၇) ချက်က ကာလတခုအထိပေါ့၊ နှစ်လ တန်သည်၊ သုံးလတန်သည် စောင့်ကြည့်ရမှာဖြစ်ပါတယ်။ အဲဒီ စောင့်ကြည့်တဲ့အပေါ်မှာ ကျနော်တို့က ပြုပြင်ပြောင်းလဲမှု တစုံတရာဖြစ်မလာဘူးဆိုရင် ကျနော်တို့က ပြည်သူအတွက်ကို မည်သည့်နေရာမဆို၊ မြန်မာပြည်တွင်းမှာ ကျရာနေရာကနေပြီးတော့ ထပ်မံတောင်းဆိုမယ်လို့ ကျနော်ပြောခဲ့ပါတယ်။”

ဒီဗွီဘီ ။ ။ အဲဒီနေ့က ကိုထင်ကျော်ဆို သိမ်ကြီးဈေးမှာ ပိုစတာများ ကိုင်တဲ့အချိန်မှာ စိတ်ထဲမှာ စိုးရိမ်မှု မဖြစ်မိဘူးလား။ နအဖ အလိုကျ ဆန္ဒပြပွဲလို့၊ နအဖ အလိုကျ လုပ်တယ်လို့ အထင်ခံရမှာ၊ အကြမ်းဖက်ပြီးတော့ ဝင်ဖြေရှင်းခံရမှာ အဲဒါမျိုးရော တွေးပူပန်မိလား၊ မလုပ်ခင်တုန်းက။

“တွေးမပူပါဘူး။ ဘာကြောင့်လဲဆို ကျနော်တို့ နဂိုကတည်းက ရိုးသားစွာနဲ့ အေးချမ်းစွာ ဆန္ဒပြမယ်လို့ ဆုံးဖြတ်ပြီး သွားတာပါပဲ။ ကျနော်တို့က မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို သီးခြားလုပ်မယ်၊ ငြိမ်းချမ်းစွာနဲ့ ဆန္ဒပြမယ်၊ ညီညီညာညာနဲ့ ဆူပူသောင်းကျန်းမှု မဟုတ်ဘဲနဲ့ ငြိမ်းချမ်းသောနည်းနဲ့ ဆန္ဒပြဖို့ အားလုံး ကြိုတင်ပြင်ဆင် ခဲ့ပါတယ်။ ကျနော်ဆိုရင် အဖမ်းခံဖို့အတွက် အင်္ကျီ (၅) ထပ်နဲ့ ဘောင်းဘီ (၃) ထပ် ဝတ် သွားပါတယ်။ နောက်ကပါတဲ့ ညီအကို မိတ်ဆွေကလဲ အားလုံး အင်္ကျီ (၂) ထပ်၊ ဘောင်းဘီ (၂) ထပ်၊ ပုဆိုး (၂) ထပ်ဝတ်လာခဲ့ပါတယ်။ အဲဒီလို အားလုံး ကြိုတင် ပြင်ဆင်ပြီးတော့ ဖမ်းရင်လဲ အဆင်သင့်ခံဖို့ ဆုံးဖြတ်ပြီး လမ်းပေါ် ထွက်ခဲ့ခြင်း ဖြစ်ပါတယ်။ တကယ်လို့ သက်ဆိုင်ရာ အာဏာပိုင်ရဲ့ ဆက်ဆံမှုတွေ အားလုံးက

ကြမ်းတမ်းလာခဲ့ရင်လဲ ရင်ဆိုင် ဖြေရှင်းဖို့အတွက် ကျနော်တို့က လက်တုံ့ မပြန်ဘဲနဲ့ အဲဒီနားမှာတင် ပြည်သူတွေ ကြားထဲမှာတင် အသေခံပြီး ဆုံးဖြတ်ပြီး ထွက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ သက်ဆိုင်ရာ အာဏာပိုင်လူကြီးတွေ ရှေ့မှာ ပြောခဲ့ပါတယ်။ သူတို့လဲ ကျနော်တို့အပေါ်မှာ ဆက်ဆံတာ သာသာယာယာ၊ ညင်ညင်သာသာ၊ ပျော့ပျော့ပြောင်းပြောင်း ဆက်ဆံတာကို တွေ့ရပါတယ်။ အဲဒီအတွက် ကျနော်တို့ ကျေးဇူးတင်ပါတယ်။”

ဒီဗွီဘီ ။ ။ အဲဒီတော့ ကိုထင်ကျော်တို့ တောင်းဆိုသလိုပဲ တကယ်ပဲ သန်းပေါင်းများစွာသော မြန်မာပြည်သူတွေဟာ အထွေထွေ အကြပ်အတည်းကြီးကို ခံစားနေရတယ်။ အဲဒီလို အထွေထွေ အကြပ်အတည်းကြီး ကုန်ဈေးနှုန်းဒဏ်၊ လျှပ်စစ်မီး မလာတဲ့ဒဏ် ခံစားနေရတဲ့ ပြည်သူတွေကို ကိုထင်ကျော် ဘယ်လိုမျိုး အားပေးစကား၊ တိုက်တွန်းစကား ပြောပြချင်လဲ။

“ကျနော်တို့ တောင်းဆိုထားတဲ့ (၁၇) ချက်က အခြေခံ တိုင်းပြည်ရဲ့ လိုအပ်ချက်တွေ ဖြစ်တဲ့အတွက် မည်သည့်အစိုးရ အုပ်ချုပ် အုပ်ချုပ်၊ ဒါဟာ မဖြစ်မနေ လုပ်ပေးရမဲ့ (၁၇) ချက် ဖြစ်ပါတယ်။ အချက် (၁၇) ချက်နဲ့ မပြည့်စုံရင် နိုင်ငံတော်ဟာ ဘယ်လိုမှ ဖွံ့ဖြိုးတိုးတက်စရာ အကြောင်းမရှိပါဘူး။ အဲဒီလို ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အခြေခံအချက် ဘယ်လိုမျိုး အစိုးရပဲ တက်တက် အမှန်တကယ် ပကတိ အခြေအနေဟာ လုပ်ကိုလုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီ အချက် (၁၇) ချက်မှာ တချက် လျော့သွားတာနဲ့ ကျနော်တို့ ကျနော်တို့ တိုင်းပြည်ဟာ အကြပ်အတည်းတွေနဲ့ တွေ့ရမယ်လို့ ကျနော်တို့ အဲဒီလို သုံးသပ်မိပါတယ်။ အဲဒီအတွက် အချက် (၁၇) ချက်က မဖြစ်မနေ ဆက်လက် တောင်းဆိုနေရမှာ ဖြစ်ပါတယ်။ အခုလို ကျနော်တို့ လုပ်တဲ့အပေါ်မှာလဲ ပြည်သူများ၊ နိုင်ငံရေး အဖွဲ့အစည်းပေါင်းစုံ၊ ပြည်ပမှာရောက်နေတဲ့ ညီအကိုမိတ်ဆွေတွေ၊ မီဒီယာ အခု ဝိုင်းဝန်းကူညီစောင်မခဲ့တဲ့ သတင်းဌာနတွေ အားလုံးကိုလဲ ကျေးဇူးတင်ရှိကြောင်း၊ ဒီနေရာကနေ ကျနော် ပြောကြားလိုပါတယ်။ လက်ရှိ နိုင်ငံတော်ကို တာဝန်ယူထားတဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ နိုင်ငံတော် အကြီးအကဲများကို ကျနော် လေလှိုင်းကနေတဆင့် အနူးအညွတ် ဦးညွတ်တောင်းပန်ချင်တာက ကျနော်တို့ ပြည်သူတွေ လက်ရှိ ရှိနေတဲ့ အကြပ်အတည်းနဲ့ ကျနော်တို့ တောင်းဆိုထားတဲ့ (၁၇) ချက်ကို အမြန်ဆုံး အကောင်အထည် ဖော်ဖို့အတွက် ကျနော်တို့ အချိန်ကာလတခုအထိ စောင့်ဆိုင်းရင်းနဲ့ နိုင်ငံတော် အကြီးအကဲများကို ဒီနေရာကနေ ဂါရဝပြုရင်းနဲ့ ပြည်သူလူထုများအပေါ် ငဲ့ညှာပါလို့ ကျနော် တောင်းဆိုလိုပါတယ်။”

ကိုထင်ကျော်သည် ဆန္ဒသဘောထားပြသခဲ့သည့်နေ့မှာပင် အာဏာပိုင်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသူဖြစ်ပါသည်။ ဒါပေမဲ့ သူ အပါဝင် ပြည်သူ့သဘောထား ထုတ်ဖော်ပွဲနှင့်ပတ်သက်ပြီး ဖမ်းဆီးထားသူ (၉) ဦးစလုံးကို အာဏာပိုင်များမှ နောက်ပိုင်းတွင် ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်ပါသည်။

(အစသို့)

---

## သံလျင်တက္ကသိုလ် ကျောင်းသူတဦးကို ရဲက ညှော်စာရင်းမှုနဲ့ ဖမ်းဆီးချုပ်နှောင်

*၇ ၊ မတ် ၊ ၂၀၀၇*

သံလျင်မြို့နယ်အတွင်းရှိ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်မှ နောက်ဆုံးနှစ် ကျောင်းသူတဦးကို နယ်မြေခံရဲအဖွဲ့မှ ညှော်စာရင်းမှုနှင့် ဖမ်းဆီးချုပ်နှောင် ခဲ့သည့်အပေါ် ကျောင်းသားများမှ မကျေမနပ် ဖြစ်နေကြသည်ဟု သိရပါသည်။ အဖမ်းခံရသည် ကျောင်းသူမှာ မထားထားရီဖြစ်ပြီး သူမကို ညှော်စာရင်း စစ်ရာတွင် ဒုရဲအုပ် ကျော်စိုးမိုးမှ မဖွယ်မရာ ပြောဆိုခဲ့သည်ဟု ဆိုပါသည်။ ၄င်းကိစ္စအပေါ် မကျေနပ်သည့်အတွက် သံလျင်မြို့နယ် တရားရုံးတွင် အမှုဖွင့်တိုင်ကြားထားသည်ဟု မထားထားရီမှ ပြောပါသည်။ ရန်ကုန်တိုင်း သံလျင်မြို့နယ်၊ ဘုရားကုန်း တာဝကျေးရွာတွင် နေထိုင်ကျောင်းတက်နေသူ ရုက္ခဗေဒ နောက်ဆုံးနှစ်ကျောင်းသူ မထားထားရီကို ရဲတပ်ဖွဲ့ဝင်မှ ညှော်စာရင်း စစ်ပြီး မဖွယ်မရာ ပြောဆိုခဲ့သည့်အပြင် အချုပ်ချခဲ့သည့်အပေါ် မထားထားရီ ကိုယ်တိုင်က အခုလို ပြောဆိုခဲ့ပါသည်။

“သမီးကို ညှော်စာရင်းအမှုနဲ့ ဖမ်းသွားလို့ပေါ့နော်၊ သမီးက မကျေနပ်လို့ တိုင်ထားတာ၊ (၂) လပိုင်း၊ (၁၀) ရက်နေ့က သမီးကို ညှော်စာရင်းလာစစ်ပြီးတော့ သမီးတို့က ဘုရားကုန်ကျေးရွာ တာဝမြို့ပြကွက်သစ် သံလျှင်မြို့နယ်မှာ နေပါတယ်။ ရဲတွေဘာတွေ အကုန်လုံးပါတာပေါ့။ ကျောင်းသားဖြစ်တဲ့အကြောင်း ကျောင်းသားကဒ် ရှိပါတယ်လို့ ပြောတာ အဲဒါကို ကျောင်းသားကဒ်နဲ့ မကောင်းတာ လုပ်စားနေတာတွေ အများကြီးရှိပါတယ်ဗျာ၊ ပြောမနေပါနဲ့တော့ ဆိုပြီး ဒုရဲအုပ်ကျော်စိုးမိုး သမီးကို သံလျင် ရဲစခန်းကို ခေါ်သွားတယ်။ အချုပ်ထဲကို တရက်နဲ့ တည ထည့်လိုက်တယ်။ ည (၂) နာရီထိုးကြီး သမီးကို အချုပ်ခန်းထဲ ထည့်လိုက်တာဆိုတော့လေ

ကျောင်းသားတယောက်ဆိုတော့လဲ အရမ်းရှက်ဖို့ ကောင်းတာပေ့ါနော်။ ကျောင်းသားကဒ်ပြပြီးတော့ မကောင်းတာလုပ်စားနေတာ အများကြီးရှိတယ်ဆိုတော့ သမီးက မကျေနပ်ဘူး။ သမီးကို စော်ကားခွင့်ရရင် ကျန်တဲ့လူတွေကိုပါ စော်ကား တော့မယ်နော်၊ နောက်နောင်မှာ သူဘယ်သူ့ကိုမှ မစော်ကားရဲအောင် ထိထိရောက်ရောက် အရေးဖို့ တရားရုံးကတဆင့် သမီးက ဦးတိုက်လျှောက်ထားတာပေ့ါနော်။”

ငှင်းကိစ္စနှင့် ပတ်သက်ပြီး သန်လျင်မြို့မ ရဲစခန်းကို ဖုန်းဆက်ကြည့်သည့်အခါ ........

“ဟဲလို အမိန့်ရှိပါ၊ သံလျင် မြို့နယ် ရဲစခန်းကပါ”

ဒီဗွီဘီ ။ ။ ဖေဖော်ဝါရီလမှာတုန်းက ဒီ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်က ကျောင်းသူတဦး မထားထားရီကို ညှော်စာရင်းစစ်ပြီးတော့ ကျောင်းသားကဒ်နဲ့ ကိစ္စလေ အဲဒီအမှုအခြေအနေ ဘယ်လိုတုန်း သိချင်လို့ပါခင်ဗျာ။

“အဲဒါတော့ လောလောဆယ် မသိသေးပါဘူးခင်ဗျ။ ဒီ တရားရုံးကျမှသိမှာ အဲဒါ၊ ကျနော်တို့က အဆက်အစပ်မရှိတော့ မသိဘူးသိလား။”

သံလျင်မြို့နယ် တရားရုံးကိုလည်း တဆက်တည်းမေးကြည့်ရာတွင် အမှုချိန်းရက်ကို ယခုလ (၁၄) ရက်တွင် ထပ်မံသတ်မှတ်ထားပြီး ကြားနာစစ်ဆေးမည်ဖြစ်ကြောင်း ဝန်ထမ်းတဦးမှ ဒီဗွီဘီကို ပြောပြခဲ့ပါသည်။ သို့ပေမဲ့လဲ အရှေ့ပိုင်းတက္ကသိုလ်ကျောင်းသားများမှာ ယခုကိစ္စကို မကျေမနပ် ဖြစ်နေကြပါသည်။

“ကျောင်းသားတွေအနေနဲ့က ဘာဖြစ်တာလဲ ဆိုတော့ အဲဒီညက ဖြစ်သွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ မထားထားရီပေ့ါနော်၊ သူ့ရဲ့ ရုံးချိန်း အမိန့်ချမဲ့နေ့မှာ ကျနော်တို့ ရောက်သွားတယ်။ ရောက်သွားတဲ့ အခါမှာလဲပဲ၊ ကျနော်တို့ ကျောင်းသားတွေရဲ့ စုစည်းမှုကို သူတို့သိသွားတယ်။ သိသွားတဲ့အခါမှာလဲပဲ သူတို့ အမိန့်ကိုလဲ အမိန့်ရယ်လို့ မှန်မှန်ကန်ကန် မချခဲ့ဘူး။ ဒုရဲအုပ် ကျော်စိုးမိုးပေ့ါနော်၊ သူပြောသွားတဲ့ စကားက ကျောင်းသားကဒ်ကိုင်ပြီးတော့ မကောင်းတာ လုပ်စားနေတယ်ဆိုတဲ့၊ ပြည့်တန်ဆာ လုပ်စားနေတယ်ဆိုတဲ့ စော်ကားမှုက ကျနော်တို့ မခံနိုင်ဘူးပေ့ါဗျာ။ ဒီလို ကျောင်းသားကဒ်ကိုင်ပြီးတော့ တနိုင်ငံလုံး ကျောင်းသားတွေ ရှိတယ်၊ လူကို လူရယ်လို့ သိသော နိုင်ငံတွေရဲ့ အစိုးရတွေရဲ့ ခွင့်ပြုချက် လုပ်ဆောင်ချက်သာ ဖြစ်တယ်။ ကျနော်တို့ နိုင်ငံမှာက ကျောင်းသားကဒ် မပြောနဲ့ မှတ်ပုံတင်ကဒ်ပြား ကိုင်ထားတာတောင်မှ မရဘူး။ အဲတော့ ကျောင်းသားအားလုံးကလဲ အဲဒီကိစ္စကို မခံမရပ်နိုင် ဖြစ်နေတယ်။ ဖြစ်တဲ့အပေါ်မှာလဲ ကျနော်တို့က စောင့်ကြည့်နေတယ်။ မှတ်ပုံတင်ကဒ်ပြား ကိုင်ထားတယ်၊ ကျောင်းသားကဒ် ကိုင်ထားတယ်၊ ဒါပေမဲ့ ကျနော်တို့မှာ တရားဝင် နေထိုင်ခွင့် မရှိဘူး။ ညှော်စာရင်းဆိုတဲ့ တည်ဆဲဥပဒေပေ့ါဗျာ၊ ပုဒ်မအရ သူတို့က အမြဲတမ်း အနိုင်ကျင့်တယ်။”

အရှေ့ပိုင်း တက္ကသိုလ်ကျောင်းသား ကိုမော်လင်းနိုင် ပြောသွားခြင်းပါ။ ယခုလို ဖြစ်ရပ်တွေအပေါ် နအဖ ဗိုလ်ချုပ်များနှင့် နိုင်ငံတကာကပါ သိရှိစေချင်ကြောင်းကိုလဲ ကိုမော်လင်းနိုင်မှ ယခုလို ပြောပြသွားခဲ့ကြောင်းပါခင်ဗျာ။

“နေပြည်တော် တိုင်လို့ရတယ်လို့ ဖုန်းနံပါတ်တွေ ဖွင့်ပေးထားတယ်။ ဖွင့်ပေးထားပေမဲ့ အဲဒီတိုင်တဲ့ကောင်တွေဆီ ရောက်သလားမေး၊ အဲဒီ ကိစ္စဆိုလို့ရှိရင် ဝန်ကြီးဌာန ဆယ်ခုကို တင်ထားတယ်၊ (၂) လကျော်သွားပြီဗျ၊ ပြန်ကျ မလာသေးဘူး။ အဲဒီကိစ္စတွေကိုတော့ ကမ္ဘာသိအောင်ရယ်၊ ဗမာပြည်က အုပ်ချုပ်နေတဲ့ လူကြီးတွေ သိစေချင်တယ်။”

ဒဂုံတောင်ပိုင်း မြို့နယ်တွင် ညှော်စာရင်း မတိုင်သူများအား ရဲအဖွဲ့ မှဖမ်းဆီးရိုက်နှက်နေကြောင်း ဒေသခံများအပြောအရ သိရပါသည်။ ဒီသတင်း အတည်ပြုနိုင်ဖို့ ဒဂုံတောင်ပိုင်းအမှတ် (၇၀) ရပ်ကွက်နေ ကိုယ်တွေ့ကြုံ ပြည်သူတဦးကို ဆက်သွယ်မေးကြည့်ရာတါင် ယခုလို ရှင်းပြပါသည်။

“(၂၄) ရက်နေ့ညက ညှော်စာရင်းစစ်တယ်။ (၉) ယောက်ကို ဖမ်းပြီးတော့ အချုပ်ထဲကို အကုန်လုံးထည့်ပြီး၊ စခန်းမှာ အိပ်ခိုင်းတယ်၊ (၂၇) ရက်နေ့ ရုံးကို ပြန်ထုတ်တယ်၊ ပြန်ထုတ်ပြီးတော့ အင်းစိန်ပို့ပြီးတော့ (၂၈) မနက်ကျ ရုံးပြန်ထုတ်လာပြီးတော့ အာမခံပြန်လုပ်ထားတယ်။ အားလုံး (၉) ယောက်အပြင်ကို နောက်ထပ် (၂) ယောက်ရှိသေးတယ်။ အဲဒီ (၂) ယောက်ကို ရာအိမ်မှူးက သူကနေပြီးတော့ ရာအိမ်မှူး ဦးကျော်ဝင်းကနေပြီးတော့ ထားခဲ့တယ်။ အဲဒီ (၂) ယောက်ကိုကျတော့ ဖိုးလမ်းနဲ့ စံရှားစိန် ဆိုတဲ့ နှစ်ယောက်ကို ထားခဲ့ပြီးတော့ သူက ရုံးမှာပဲ စာအုပ်တယောက်ကို တအုပ်ကို (၈၀၀) စီနဲ့ နှစ်အုပ် ဒဏ်ငွေရိုက်ပြီးတော့ ထားထားခဲ့တယ်။ အဲဒီကျန်တဲ့လူတွေကိုကျတော့ ထောင်ကျမယ်ပေ့ါနော်။”

ညှော်စာရင်းမတိုင်သူ (၉) ဦးကို အင်းစိန်ထောင်သို့ ပို့ရာမှာလဲ လမ်းတွင်ရဲတွေမှ ငွေတောင်းရိုက်နှက်ခဲ့ကြောင်းလည်း ဆက်လက်ပြောပြပါသည်။

“အဲဒီ (၂၇) ရက်နေ့မှာ အင်းစိန်ကို လာရောက်တင်တယ်၊ အင်းစိန်ကိုပို့တဲ့ ထောင်ကား ယောကျ်ားလေးတွေရော၊ မိန်းကလေးတွေရောပေ့ါနော်၊ တယောက်ကို ငါးထောင်ပေးရမယ်တဲ့ မပေးနိုင်လို့ရှိရင် ကားပေါ်မှာ ရိုက်ဟယ်နှက်ဟယ်နဲ့ လုပ်တယ်။

အဲဒါနဲ့ (၄၅၀၀) ပေးလိုက်ရတယ်။ အဲဒါ ပေးလိုက်တော့မှပဲ အရိုက်ရပ်ပြီး ခေါ်သွားတယ်။ လမ်းကြောင်းရဲက ရိုက်တာ၊ ကားပေါ်မှာရိုက်တာ ကျမ မျက်စိရှေ့တင်ပါပဲ။ လမ်းကြောင်းကြေး ငါးထောင်မပေးလို့ ဆောင့်ကန်တာ ရိုက်တာ။"

ယခုလို ညှော်စာရင်းစစ် ဖမ်းဆီး ရိုက်နှက်နေသည့်အပေါ်ကိုလဲ အဆိုပါ ကိုယ်တွေ့ကြုံ ပြည်သူမှ ယခုလို ဝေဖန်ပြောကြားသွားပါသည်။

"အခု ဒဂုံတောင်ပိုင်းမြို့နယ်မှာ အခုဖြစ်နေတာ ကစားဝိုင်းသမားတွေ၊ နှစ်လုံးထီဒိုင်တွေ၊ချဲဒိုင်တွေ အဓိကကိုင်ပြီး မူးယစ်ရမ်းကား နေတဲ့ လူတွေကျတော့ မဖမ်းဘဲ မဆီးဘဲနဲ့ အခုလို ရိုးသားစွာ လုပ်ကိုင်စားသောက်တဲ့သူတွေ၊ ညှော်စာရင်း တရက်နှစ်ရက် လွန်တာလေးကို ဖမ်းပြီးတော့ ထောင်ချမယ်ဆိုတာ တရားမျှတမှု ရှိပါသလား မရှိဘူးလားဆိုတာကို စဉ်းစား ဆုံးဖြတ်ပေးပါလို့ နိုင်ငံတော်အကြီးအကဲတွေကို မသိဘူးဆိုလဲ ကျမတို့က သိစေချင်ပါတယ်လို့ အဲဒီကိစ္စကို"

(အစသို့)

---

## သတင်းစာဖြတ်ပိုင်း ခြံစည်းရိုးကပ်မှုနှင့် သင်္ဃန်းကျွန်းမှ ဦးသိန်းဇံကို အာဏာပိုင်များ ဖမ်းဆီး

*၇ ၊ မတ် ၊ ၂၀၀၇*

ယခုနောက်ဆုံး ဝင်လာသည့် သတင်းတပုဒ်အရ မြန်မာ့အလင်းသတင်းစာ ဖြတ်ပိုင်းများအား ခြံစည်းရိုးတွင်ကပ်ပြီး ဟုတ်ပဲ့မလား မောင်ကာလုရယ်လို့ လှောင်ပြောင် ရေးသားခဲ့သူ သင်္ဃန်းကျွန်းမြို့နယ်မှ ဦးသိန်းဇံကို အာဏာပိုင်များမှ ဖမ်းဆီးလိုက်ကြောင်း သိရပါသည်။ ယနေ့ နေ့လည် (၂) နာရီခန့်တွင် အထူးရဲများမှ လာဖမ်းသွားခြင်း ဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူတဦးမှ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။ ၄င်းကို အင်းစိန်ထောင်သို့ ချက်ချင်းခေါ်သွားပြီး ပုဒ်မ (၅၀၅) နှင့် စွဲချက်တင်ကာ မနက်ဖြန်မနက် သင်္ဃန်းကျွန်းတရားရုံးတွင် စစ်ဆေးမည်ဖြစ်ကြောင်း ၄င်းမိသားစုနှင့် နီးစပ်သူများမှ ပြောကြားခဲ့ပါသည်။ အသက် (၆၅) နှစ်အရွယ်ရှိ ဦးသိန်းဇံသည် သဘော်သားဟောင်း တဦးဖြစ်ပြီး ရေဒီယို ကက်ဆက်ပြင် လုပ်ငန်းနှင့် ရိုးသားစွာ အသက်မွေးနေသူ ဖြစ်သည်ဟု သိရပါသည်။ သို့ပေမဲ့ တရက်တါင ၄င်း၏ချွေးမ ဈေးကအပြန်တွင် ဘဲဥ (၃) လုံးကို (၂၃၀) ကျပ်၊ ကြက်သား (၁) ကီလို (၃၀၀၀) ကျပ် ဖြစ်နေပြီလို့ ညည်းတွားခြင်းကို ကြားရကနေ မခံမရပ်နိုင်ဖြစ်ပြီး သတင်းစာမှ ရေးနေသည့်အကြောင်းနှင့် တကယ့်လက်တွေ့ အခြေအနေ တခြားစီ ဖြစ်နေကြောင်းကို အထက်လူကြီးများနှင့် ပြည်သူတရပ်လုံး သိသင့်တယ်ဆိုပြီး ၄င်း သတင်းစာဖြတ်ပိုင်းများကို ခြံစည်းရိုးများတွင်ကပ်၊ အောက်ကနေ ဟုတ်ပဲ့မလား မောင်ကာလုရယ်လို့ ရေးခဲ့ခြင်း ဖြစ်ဖြစ်ကြောင်း ဦးသိန်းဇံကိုယ်တိုင်က အဖမ်းမခံရခင် ယခုလ (၂) ရက်နေ့က ပြုလုပ်သည့် ရယကနှင့် အထူးရဲများ၏ စစ်ဆေးမှုအတွင်း ထွက်ဆိုခဲ့ပြီးဖြစ်ကြောင်း သိရပါသည်။ ထိုသို့ ထွက်ဆိုစဉ်အတွင်း အာဏာပိုင်တွေဘက်က ဘာမှ မပြောဘဲနှင့် ယနေ့ နေ့လည် (၂) နာရီတွင် မပြောမဆို လာဖမ်းသွားခြင်း ဖြစ်သည်ဟု ဦးသိန်းဇံနှင့် နီးစပ်သူများမှ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။

(အစသို့)

---

## ခြံစည်းရိုး၌ စာကပ်သူတဦးအား သင်္ဃန်းကျွန်း တရားရုံးတွင် ရုံးထုတ်စစ်ဆေး

*၈ ၊ မတ် ၊ ၂၀၀၇*

သတင်းစာနှင့် ဂျာနယ်ခေါင်းစီးများကိုကို ခြံစည်းရိုးကပ် ဝေဖန်မှုနှင့် မနေ့က ဖမ်းဆီးလိုက်သည့် သင်္ဃန်းကျွန်းမြို့မှ ဦးသိန်းဇံကို ယနေ့ သင်္ဃန်းကျွန်းတရားရုံးတွင် ရုံးထုတ်စစ်ဆေးခဲ့သည်ဟု သိရပါသည်။ တရားရုံးကို သံဒေါက်၊ သံခြေကျင်းတွေခတ်ပြီး ရုံးထုတ်လာသည်မို့ မိသားစုဝင်များနှင့် တွေ့မြင်သူအားလုံး စိတ်မကောင်း ဖြစ်ခဲ့ကြသည်ဟုလည်း သိရပါသည်။ ဦးသိန်းဇံကို မနေ့က ဖမ်းသွားပြီးသည့်နောက် ယနေ့ သင်္ဃန်းကျွန်း တရားရုံးကို ရာဇဝတ်ထောင်သားများကဲ့သို့ သံခြေကျင်းခတ် ရုံးထုတ်ခဲ့ခြင်းပါ။

"ထောင်အဝတ်အစားနဲ့ သူတို့ ခေါ်လာတော့ ကျမ အရမ်းကို စိတ်မကောင်း ဖြစ်မိတယ်။ သံခြေကျင်းနဲ့ ခေါ်လာပါတယ်၊ ထမင်းကျွေးတာတောင် ကျွတ်ကျွတ်အိတ်နဲ့ ကျွေးရတာကိုး။"

“ကျမတို့က ဝမ်းနည်းနေတာပေ့ါလေ။ မြင်ရတဲ့ မြင်ကွင်းကို ကြည့်ပြီး၊ စိတ်မချမ်းသာ ဖြစ်မိကြတာတော့ အမှန်ပါပဲ။”

“သံကြိုးတွေ အတွဲလိုက်ကြီး ခတ်လာတယ်။ တွေ့တာကတော့ ရှေ့နေကြီး ဥပဒေ အထောက်အကူပြုက ဦးအောင်သိန်းတို့၊ ပဲခူးက ရှေ့နေဦးအေးမြင့်တို့၊ နော်အုန်းလှတို့ ဘုရားတက်တဲ့ အုပ်စုတွေ၊ (၈၈) ကျောင်းသားတွေ၊ အမျိုးသမီးတွေ တော်တော်များများ ဒီထဲမှာ စုဝေးပြီးတော့ စောင့်ကြည့်နေကြပါတယ်။”

ဦးသိန်းဇံ၏သမီး မခင်အေးသန့်၊ ဇနီးဒေါ်မမလေးနှင့် (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုကိုကြီးတို့ တရားရုံးမှ မြင်ကွင်းကို ပြောသွားခြင်းပါ။ သင်္ကန်းကျွန်းမြို့နယ် ရဲမှူးမှ တရားလိုလုပ်ပြီး ပုဒ်မ (၅၅၀/ခ) နဲ့ တရားစွဲခဲ့ခြင်း ဖြစ်ပါသည်။ ၄င်းကိစ္စကို ဦးသိန်းဇံရဲ့ အကျိုးဆောင်ရှေ့နေ ဦးအောင်သိန်းမှ ယခုလို ရှင်းပြပါသည်။

“သင်္ကန်းကျွန်း မြို့နယ်ရဲမှူးက တရားလိုလုပ်တယ်။ ပုဒ်မ (၅၅၀/ခ) က အများပြည်သူ အကျိုးကို ပျက်စီးစေဖို့ကိုဖြစ်တဲ့ ဖော်ပြချက်တွေပေ့ါနော်။ ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေတဲ့ ကိစ္စတွေ ကျူးလွန်တယ်လို့ ယူဆရင်ပေ့ါ။ ကျူးလွန်ချင်အောင်လဲ လှုံ့ဆော်တဲ့ သဘောပေ့ါ။”

အသက် (၆၅) နှစ်ရှိပြီး သဘော်သားဟောင်း တဦး ဖြစ်ခဲ့သလို ရေဒီယို၊ ကက်ဆက်ပြင် လုပ်ငန်း ရိုးသားစွာလုပ်ကိုင်နေသူ ဦးသိန်းဇံသည် ဇနီးနှင့် သမီးများမှ ကုန်ဈေးနှုန်း အဆမတန် တက်နေသည်ဟု ငြီးတွားခြင်းကို မခံမရပ်နိုင်ဖြစ်ပြီး သတင်းစာနှင့် ဂျာနယ်တွေများမှ ရေးသားနေခြင်းများသည် လက်များနှင့် တခြားစီ ဖြစ်နေသည့်အကြောင်း ခြံစည်းရိုးတွင် ကပ်ရေးခဲ့သည်မို့ မနေ့ကစ ဖမ်းဆီးပြီး ယနေ့ တရားစွဲ ခံနေရခြင်းဖြစ်ပါသည်။ ဦးသိန်းဇံ၏ လုပ်ရပ်သည် တိုင်းပြည် ငြိမ်ဝပ်ပိပြားရေး ထိခိုက်နိုင်မလား၊ ရဲမျ စွပ်စွဲခြင်းကို ယနေ့ ဘယ်လို လျှောက်လဲခဲ့သလဲ ရှေ့နေကြီး ဦးအောင်သိန်းမှ ......

“ကျနော်တို့ကတော့ သူ့ခံစားချက်တွေ၊ ဂျာနယ်မှာပါတဲ့ အကြောင်းအရာတွေ အပေါ်မှာ သူညွှန်းပြီးတော့ ရေးထားတဲ့ အလုပ်ပေ့ါနော်။ အဲဒါ သူ့ခံစားချက် ရေးတာပေ့ါ။ အများပြည်သူ အထိတ်တလန့်က ဒီစာရေးရုံနဲ့ စာရေးရုံနဲ့ မဖြစ်ဘူးပေ့ါ။ ကျနော် အဲဒီလောက်တော့ ပြောပြထားတယ်။ အဲဒီမှာ သူဝေဖန်ထားတဲ့ ဘုရားပေါ်တက်တဲ့ ကိစ္စ၊ တီဗွီမှာ သတင်းကြေညာတဲ့ ကိစ္စတို့၊ မီးမှန်ဖို့၊ ကုန်ဈေးနှုန်း ကျဆင်းဖို့ ဒါတွေကို ရေးရင် ပိုပြီး မကောင်းဘူးလားဆိုပြီး ဆောင်းပါးရှင်တွေကို သူက နာမည်စာရင်းနဲ့ ဖော်ပြထားတာ တွေ့ရတယ်။ လူတွေ အထိတ်တလန့် ဖြစ်ဖို့အကြောင်း မပေါ်ပေါက်ဘူးနော်။”

ဓါတ်ပုံရိုက်ခွင့် မရှိတဲ့ တရားခွင်ကို ယနေ့ ရဲအမှုထမ်းတဦးမှ လာရောက် ဓါတ်ပုံရိုက်ခဲ့သည့်အမှု ဖြစ်ပွားခဲ့သည်ကိုလဲ .....

“တရားသူကြီး နားနေခန်း နောက်ကနေရိုက်တော့ ကျနော့်ကို ရိုက်တယ်ထင်တာ ကျနော်က တရားသူကြီးကို ပြောပြီးတော့ ကန့်ကွက် မှတ်တမ်းတင် ထားခိုင်းလိုက်တယ်ပေ့ါ။ ဒါ တရားရုံးကို ဝတ္တရားနှောင့်ယှက်တဲ့ သဘောပါတယ်ပေ့ါ။ အမှုစစ်ဆေးနေတာကို ရိုက်ခွင့် မရှိပါဘူး။ ရဲက ရိုက်တာပေ့ါလေ။ ယူနီဖောင်းတဝက်နဲ့ အပေါ်ကစွပ်ကျယ်နဲ့ အောက်က ဘောင်းဘီရှည်နဲ့ အများပြည်သူရှေ့မှောက်မှာ တရားစီရင်နေပါတယ်။ အဲဒီလို ဓါတ်ပုံရိုက်တဲ့ကိစ္စက အမှုစစ်ဆေးရာကို နှောင့်ယှက်ရာကျတယ်၊ ဆက်လက် အရေးယူပေးလို့ တရားရုံးကို လျှောက်ထားလိုက်တာပဲ။”

ယခုလို ရှေ့နေမှ အော်ဟစ် ကန့်ကွက်သည့်အခါ ဓါတ်ပုံရိုက်သူ ရဲဝန်ထမ်းဟာ ချက်ချင်း လွတ်မြောက်သွားသည်ဟု သိရပါသည်။ ထို့နောက် တရားသူကြီးမှ ယခုလ (၁၈) ရက်နေ့အထိ ရုံးချိန်းရွှေ့ဆိုင်း လိုက်ပါတယ်။ တရားရုံးကို ရောက်ရှိလာသည့် ဦးသိန်းဇံ၏သမီး မခင်အေးသန့်မှ ဖခင် အဖမ်းခံနေရသည်မို့ ဖြစ်ပေါ်လာသည့် ခံစားချက်ကို ယခုလို ရင်ဖွင့်ခဲ့ပါသည်။

“ကျမအဖေ ပျောက်သွားမှာကို ကျမက ကြောက်တာ။ သူက အစာအိမ် လေအောင့်တဲ့သဘောမျိုး သူ့မှာ ဆေးဆောင်ထားရတယ်။ (၅) ရက်နေ့က ခေါ်သွားပါတယ်။ ရယကရုံးမှာ စစ်မေးပြီး ပြန်လွှတ်တယ်၊ (၇) ရက်နေ့ကျတော့ တခါ ထပ်ခေါ်သွားတယ်။ သူတို့ စစ်စရာလေး နည်းနည်း ကျန်သေးလို့ဆိုပြီးတော့ ကျမတို့လဲ တညလုံး စောင့်နေတာပေ့ါနော်။ နောက်တော့မှ ရုံးချိန်းရှိပါတယ်၊ လာခဲ့ပါဆိုလို့ ကျမတို့ လာခဲ့တာ။ ဖမ်းမယ် မပြောဘူး၊ စစ်ဆေးမယ်ပဲ ပြောသွားတာပါ။ ဖမ်းဝရမ်းလဲ မပါပါဘူး။”

ဦးသိန်းဇံရဲ့ဇနီး ဒေါ်မမလေးကလဲ ဦးသိန်းဇံသည် နိုင်ငံမှာ ပါဝင်ခဲ့ဖူးသူ မဟုတ်ကြောင်းကို ယခုလို ပြောပြပါသည်။

“စာလေးကပ်ရုံပါဘဲ။ ဘာမှ မလှုပ်ရှားပါဘူး။ သူက ရေဒီယို ပြင်တာဆိုတော့ ကောင်စီရုံးခန်းတောင် ဒီတခါပဲ ရောက်ဖူးတာ။ အရင်ကလဲ ဘာမှ မလုပ်ခဲ့ပါဘူး၊ သဘော်သားဟောင်းပါ။ ကုန်ဈေးနှုန်းကြီးတဲ့အခါ သူမခံမရပ်နိုင်လို့ ပေါက်ကွဲပြီး အဲဒီနေ့မှာ စာစောင်တွေ သူထုတ်ပြီးတော့ အိမ်ရှေ့မှာ ရေးပါတယ်။ ဖတ်ကြည့်ရင် ဖတ်ပေ့ါလေ။ အမှန်တရားပဲဆိုပြီး အိမ်ကလူတွေ ဖျက်မယ်ဆိုလဲ မရဘူး၊ ဇွဲရှိရှိနဲ့ ဒါကို သူရင်ဆိုင်ပါမယ်ပေ့ါ။”

တရားရုံးသို့ ရောက်လာသူ လူ့အခွင့်အရေး လှုပ်ရှားသူ မစုစုနွေးမှ..........

“အမှန်တရားအတွက် ရပ်တည်ပြီးတော့ ရင်ထဲကဟာ ထုတ်ဖော်ပြသတာကို မတရားလုပ်တာ မြင်တွေ့ရတော့ ကျမတို့ အမှန်တရားဖော်ထုတ်သူ အားလုံးအတွက် တကယ် စိတ်မကောင်း ဖြစ်ရပါတယ်။”

(၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုကိုကြီးကလဲ ဒီကိစ္စအပေါ် ယခုလို ဝေဖန်ခဲ့ပါသည်။

“နိုင်ငံရေးအသိုင်းအဝိုင်း ကြားထဲမှာရော၊ သာမန်ပြည်သူ ပရိသတ်တွေ ကြားထဲမှာရော အင်မတန် စိတ်ဝင်စားတဲ့ အမှု ဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီပုဂ္ဂိုလ်က အရင်ကလဲ နိုင်ငံရေးအဖွဲ့အစည်းမှာ ပါဝင်ခဲ့ခြင်းလဲ မရှိဘူး။ သာမန် တကယ့် ပြည်သူစစ်စစ်ပါ။ ပြည်သူစစ်စစ်တယောက်က သူပြောချင်တဲ့ ရင်ထဲက တကယ့်ဆန္ဒကို သူ့ပရိဝုဏ်မှာ ချိတ်ဆွဲတာကို ဖမ်းဆီးအရေးယူတာမျိုး ဖြစ်ရမလားဆိုတဲ့ ဒေါမနဿတွေပေါ့။ အားလုံးက နှိုင်းယှဉ်ပြီး ပြောနေတာက သံရုံးရှေ့ အိမ်ကနေထွက်ပြီး ရန်ကုန်မြို့လယ်ခေါင်မှာ သွားပြီးဆန္ဒပြတဲ့လူတွေကိုတော့ သတင်းစာထဲမှာ ချီးကျူးထောပနာပြုနေပြီးတော့ ပြည်သူစစ်စစ်တယောက်က သူ့ခံစားချက်ကို သူ့ပရိဝုဏ်မှာ ချိတ်ဆွဲတာကို ဒီလိုမျိုး အရေးယူ ဖမ်းဆီးရမလားဆိုတဲ့ မကျေနပ်မှုတွေက အားလုံးကြားထဲမှာ ဖြစ်ပေါ်နေတာပါ။”

(၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်မှ ဦးသိန်းဇံ၏ ရိုးသားသည့် လှုပ်ရှားမှုဘက်ကနေ ဝိုင်းဝန်းရပ်တည်ကြမည်ဟု ယခုလို ပြောဆိုသွားပါသည်။

“တရားရုံးကို ကျနော်တို့ လိုက်လာကြတာ တရားရုံးဝင်းတခုလုံး ကျနော်တို့ လူတွေ အပြည့်ရှိနေပြီ။ အခု ဦးသိန်းဇံဟာ ဘယ်သူ့အမှောင့်၊ ဘယ်သူ့ပယောဂ၊ ဘယ်သူ့ တိုက်တွန်းချက်၊ မြှောက်ထိုးပင့်ကော်ချက် တခုမှ မပါဘဲနဲ့ ရိုးရိုးသားသား စာရွက်တရွက်အပေါ်မှာ ရေးပြီးတော့ အိမ်မှာ ကပ်လိုက်တာပဲ။ ဒီလောက် ပြင်းပြင်းထန်ထန်ကြီး တုံ့ပြန်လာတဲ့အပေါ် ကျနော်တို့ တတွေက သူ့ဘက်ကနေ အားလုံး ဝိုင်းပြီးတော့ ရပ်တည်ကြမှာ ဖြစ်တယ်။ အဲဒါကတော့ မဆုတ်မနစ် ချလိုက်တဲ့ သံန္နိဋ္ဌာန်ပဲ။ ဦးသိန်းဇံဘက်က ရပ်မဲ့ပြည်သူတွေဟာ ကျနော်တို့ တင်မကဘူး၊ ပြည်သူအများပါ ရှိတယ်ဆိုတာကို ကျနော်တို့ ယုံကြည်တယ်။ ကျနော်တို့က မတရားသဖြင့် ဆုံးဖြတ်မှာမျိုးကိုတော့ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူးဆိုတာ အခုကတည်းက ရှင်းရှင်းပဲ ကျနော်တို့ ပြောထားတယ်။”

(အစသို့)

---

## အမျိုးသားရေး ဦးဝင်းနိုင်နှင့် ကိုထင်ကျော်တို့ ပြန်လည်လွှတ်မြောက်

*၉ ၊ မတ် ၊ ၂၀၀၇*

ကုန်စျေးနှုန်းကျဆင်းရေး ဆန္ဒပြသူများ ဖမ်းဆီးခံရမှုနှင့် ပတ်သက်ပြီး သတင်းစာ ရှင်းလင်းပွဲလုပ်မှုနှင့် မနေ့က ဖမ်းဆီးခံလိုက်ရသူ အမျိုးသားရေး ဦးဝင်းနိုင်နှင့် ကိုထင်ကျော် တို့ကို ယနေ့ နေလည် (၂) နာရီတွင် ပြန်လွှတ် ပေးလိုက်ကြောင်း သိရပါသည်။ မနေ့ နေလည်ပိုင်းတွင်၄င်းတို့ (၂) ဦးအား အထူးရဲများမှ ဖမ်းဆီးသွားခြင်းဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးရုံးတွင် (၂၄) နာရီကြာ စစ်ဆေးပြီးသည့်နောက် ယခုလို ပြန်လွှတ် ပေးလိုက်ခြင်း ဖြစ်သည်ဟု ဦးဝင်းနိုင်နှင့် ကိုထင်ကျော်တို့မှ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။ ၄င်းတို့ကို သီးခြားစီထား စစ်ဆေးပြီး ကတိခံဝန်ချက်တချို့ လက်မှတ်ရေးထိုး ခိုင်းခဲ့သော်လည်း လုပ်စရာများကို ၄င်းတို့ဘက်မှ ဆက်လုပ်ရမည် ဖြစ်ကြောင်း ဦးဝင်းနိုင်နှင့် ကိုထင်ကျော်မှ ပြောပါသည်။ ထို့အပြင် ယခုချိန်ထိ ပြန်လွှတ်မလာသေးသည့် ကုန်စျေးနှုန်း ကျဆင်းရေး ဆန္ဒပြပွဲမှာ ပါဝင်သူ (၇) ဦးနှင့် သတင်းစာဖြတ်ပိုင်းကို ခြံစည်းရိုးတွင် ကပ်မှုနှင့် ဖမ်းဆီးခံနေရသူ ဦးသိန်းဇံတို့ လွှတ်မြောက်ရေးအတွက်လည်း တောင်းဆိုသွားမည် ဖြစ်ကြောင်း ၄င်းတို့ (၂) ဦး စလုံးမှ ပြောကြားသွားခဲ့ပါသည်။ ယခု ပြန်လွှတ်လာသူများနှင့် ဆက်သွယ်မေးမြန်း ထားပါသည်။ အမျိုးသားရေး ဦးဝင်းနိုင်၏ ပြောကြားချက်မှာ ......... ..

“(၂) နာရီခွဲက ရောက်ပါတယ်။ (၂၄) နာရီ ကြာပါတယ်။ ခေါ်တဲ့ကိစ္စ အဓိက ကတော့ ကျနော် သတင်းစာရှင်းလင်းပွဲ လုပ်တဲ့အချိန်မှာ ကျနော်က ကြေညာချက်တခု ထုတ်တယ်။ အဲဒီ ကြေညာချက်မှာ မြန်မာနိုင်ငံမှာ အုပ်ချုပ်ရေးစနစ်က ဂျပန်ခေတ်က ပါးရိုက်အုပ်ချုပ်တဲ့စနစ် ရောက်နေတယ်။ ဘာကြောင့်လဲဆိုရင် ဆိုပြီး ကျနော်က ဥပမာ နှစ်ခု တင်ပြခဲ့တယ်။ တခုက (၂၆) လမ်းထိပ်မှာ ခိုစာရောင်းတဲ့ အမျိုးသမီးကို ကန့်သတ်ချိန်အတွင်းမှာ ရောင်းရမလားဆိုပြီး စည်ပင်ဝန်ထမ်းက ပါးရိုက်တယ်လို့ ကျနော် သတင်းကြားရတယ်လို့ ကျနော် ရေးခဲ့တယ်။ နောက်တခု အလုံသစ်တောဝင်းမှာ သတင်းဓါတ်ပုံ သွားရိုက်တဲ့ သတင်းထောက်ကို ဝိုင်းပြီး ပါးရိုက်တယ်ဆိုတဲ့သတင်း ကျနော် ကြားရတယ်။ ဒါတွေဟာ မကောင်းဘူး ဂျပန်ခေတ်ကလို

ဖြစ်တယ်ဆိုပြီးတော့ပါတယ်။ သူတို့က အဲဒါတွေအပေါ်မှာ မူတည်ပြီးတော့ နိုင်ငံတော်ကို အကြည်ညိုပျက်စေအောင် လုပ်တယ်ဆိုတဲ့ သဘောမျိုး သူတို့ ပထမယူဆပြီးတော့ ကျနော့်ကို ခေါ်ပြီးတော့ ဆွေးနွေးတာပေါ့။"

ယခုလို ပြန်လွတ်လာဖို့အတွက် ခံဝန်ချက် ပေးခဲ့ရတာမျိုး ရှိပါသလား၊ ဘာတွေ ဆက်လုပ်ဖို့ ရှိမလဲလို့ မေးသည့်အခါ ဦးဝင်းနိုင်မှ ယခုလို ဖြေကြားခဲ့ပါသည်။

"ကျနော် လက်မှတ်ထိုးခဲ့ရတဲ့ဟာလေး တချက် ရှိတယ်ပေါ့လေ။ အဲဒါကတော့ ကျနော့် လုပ်ရပ်တွေဟာ ဥပဒေနဲ့ ညီညွတ်တယ်၊ ကျနော် ကြေညာချက် ထုတ်တာကလဲ ပုံနှိပ်ဥပဒေနဲ့ ညီညွတ်တယ်၊ အခုလို အစည်းအဝေးပွဲ လုပ်တာကလဲ ခွင့်ပြုချက်မရဘဲ လုပ်တာက ညီညွတ်တယ်၊ နောက် ဘာဥပဒေ၊ ညာဥပဒေနဲ့ ညီညွတ်တယ်။ အားလုံးပေါင်း ကျနော့်ကို အရေးယူမယ်ဆိုရင် တသတ်တကျွန်းအထိ ဖြစ်ဒဏ် ချမှတ်နိုင်ပါတယ်တဲ့။ အဲဒါကို ကျနော် သိရှိပါတယ်၊ သဘောပေါက်ပါတယ်ဆိုတဲ့ ဟာတွေကို ကျနော် လက်မှတ်ထိုးပေးခဲ့ရတယ်။ အဲဒီတော့ ဒါကြောင့်တော့ ကျနော်တို့က စိတ်ပျက်သွားလို့လဲ ဖြစ်မှာ မဟုတ်ဘူးပေါ့။ ဘာကြောင့်လဲဆို ပြည်သူလူထုကလဲ ကျနော်တို့လို နိုင်ငံရေးသမားတွေရဲ့ အကူအညီတွေကို သူတို့ကလဲ လိုအပ်နေတာကိုး။ အဲဒီတော့ ကျနော်တို့က ပြည်သူနဲ့ လက်တွဲပြီးတော့ လုပ်သင့်လုပ်ထိုက်၊ လုပ်စရာရှိတာကို ကြိုးစားပမ်းစားနဲ့ လုပ်သွားကြရမှာပါ။ တခုကတော့ ကျနော့်ကို အခုလို ခေတ္တခဏ ထိန်းသိမ်းသွားတာကို ကြားကြားချင်း ကျနော့်အိမ်မှာ တဦးတည်းသော ကျန်ခဲ့တဲ့ ဇနီးသည်ကို ဝိုင်းပြီးတော့ အားပေးကြတဲ့အတွက် (၈၈) မျိုးဆက်ကျောင်းသား ခေါင်းဆောင်တွေ၊ **NLD** က ပုဂ္ဂိုလ်တွေ၊ တခြားသော နိုင်ငံရေးသမားတွေနဲ့ ပြည်တွင်းပြည်ပက အားလုံး တယ်လီဖုန်းနဲ့ အရေးတကြီး ဆက်ပြီးတော့ အားပေးစကား ပြောကြားတဲ့သူတွေကို ကျနော် အလွန်ပဲ ကျေးဇူးတင်ပါတယ်၊ မေတ္တာထားတဲ့အတွက် အင်မတန် ဝမ်းသာဂုဏ်ယူမိပါတယ် ဆိုတာလေးကိုတော့ ပြောချင်ပါတယ်။"

ကိုထင်ကျော်နှင့် ဆက်သွယ်မေးမြန်းစဉ်၊ ကိုထင်ကျော်မှ ယခုလို ပြောကြားခဲ့ပါသည်။

"မေးတာကတော့ သတင်းစာရှင်းလင်းပွဲနဲ့ ပတ်သက်ပြီးတော့ မေးတာပါ။ ကျနော်က သတင်းစာရှင်းလင်းပွဲမှာ (၂၂) ရက်နေ့က **MDC** ဖွဲ့စည်းပြီးတော့ မြန်မာပြည်သူတွေရဲ့ အခြေခံလိုအပ်ချက် (၁၇) ချက်ကို ပြည်သူတွေနဲ့အတူ တောင်းဆိုတဲ့ပွဲမှာ ဖွဲ့စည်းထားတဲ့ **MDC** ကို တရားဝင် ဖျက်သိမ်းပေးပါတယ်။ အဲဒါကို ကြေညာပေးခဲ့ပါတယ်။ ဖျက်သိမ်းပြီးတော့ ကျနော်ဟာ မြန်မာနိုင်ငံ ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေး လိုလားသူများအဖြစ်နဲ့ ဆက်လက်ပြီး ဒီ (၁၇) ချက်ကို စွဲကိုင်ပြီး တောင်းဆိုနေမှာ ဖြစ်ပါတယ်လို့ ကြေညာပေးခဲ့ပါတယ်။ နောက်တချက်ကတော့ (၂၂) ရက်ကနေ ရက် (၅၀) အတွင်း ကျနော်ကိုယ်တိုင် လမ်းပေါ်ထွက်ပြီးတော့မှ ဒီလို တောင်းဆိုမှုမျိုး မလုပ်ပါဘူးလို့ ကတိတော့ ပေးလိုက်ပါတယ်။ ကျနော် အဲဒီ (၂) ချက်ပါပဲ။ အဓိက ကတော့။"

ဒီဗွီဘီ ။ ။ အဲဒါကို အာဏာပိုင်တွေဆီမှာ ပြောတာလား၊ သတင်းစာ ရှင်းလင်းပွဲမှာ ပြောတာလား။

"သတင်းစာ ရှင်းလင်းပွဲမှာလဲ ပြောခဲ့ပါတယ်။ အာဏာပိုင်တွေဆီမှာလဲ ဒီအတိုင်းပဲ ကျနော် ပြောခဲ့ပါတယ်။"

ဒီဗွီဘီ ။ ။ ဘာလို့ ဖျက်သိမ်းပေးတာလဲ။ သူတို့က တောင်းလို့လား။

"သူတို့ကလဲ ကျနော် ပထမ စစ်ကြောရေး ဝင်စဉ်ကာလတုန်းက ဒီအဖွဲ့ကို ဖျက်သိမ်းပေးဖို့ တောင်းဆိုပါတယ်။ ဥပဒေနဲ့ မညီညွတ်တဲ့အတွက်။ ဒါကလဲ ကျနော်က ထင်ယောင်ထင်မှား ဖြစ်မှာစိုးတဲ့အတွက် ဒီကော်မတီလေးကို (၁၂) ဦး ဖွဲ့စည်းလိုက်တာ ဖြစ်ပါတယ်။ အခုအခါတော့ ကျနော်က ယာယီကော်မတီအနေနဲ့ ဖွဲ့စည်းထားတာ ဖြစ်တဲ့အတွက် ဒါကို ဖျက်သိမ်းပေးဖို့ ကျနော့်မှာ သိပ်အပန်းမကြီးတဲ့အတွက် ကျနော် ဖျက်သိမ်းပေးလိုက် တာဖြစ်ပါတယ်။ အခုအခါမှာတော့ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး လိုလားသူများအနေနဲ့ လိုအပ်တဲ့ (၁၇) ချက်ကို ဆက်လက်စွဲကိုင်ပြီး တောင်းဆိုသွားမှာ ဖြစ်ပါတယ်။ အဲဒါကိုလဲ ကျနော် တရားဝင် ပြောခဲ့ပါတယ်။"

ဒီဗွီဘီ ။ ။ တခြားရော ကိုထင်ကျော်နဲ့ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက ဖမ်းခံရပြီး အောင်သပြေစခန်း ပို့လိုက်တဲ့ လူ (၇) ယောက် ကိစ္စကျတော့ရော။

"အဲဒါကိုလဲ ကျနော် ပြန်လွှတ်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။ သူတို့ကလဲ မကြာခင် ပြန်လွှတ်ပေးမယ်လို့ ပြောပါတယ်။ သတင်းစာရှင်းလင်းပွဲမှာ တခု ပြောခဲ့တာတော့ (၇) ရက်နေ့က ထုတ်တဲ့သတင်းစာပေါ့။ အဲဒီမှာ သတင်းလေးတခု ဖတ်လိုက်ရတာ (၁၇) ချက်နဲ့လဲ အကြုံးဝင်နေလို့ ကျနော် ရှင်းပြလိုက်ပါတယ်။ ဝန်ထမ်းတွေ အဂတိလိုက်စားမှုနဲ့ ပတ်သက်ပြီးတော့ တရားသူကြီးချုပ်တို့၊ တရားရုံးချုပ်ရှေ့နေတို့ အဲဒီမှာ ဖုန်းနံပါတ်တွေ ပေးပြီးတော့မှ တိုင်ကြားနိုင်ပါတယ်ဆိုတဲ့ ကိစ္စ၊ ဒီကိစ္စကို ကျနော် ကန့်ကွက်တယ်လို့ တရားဝင် ပြောပါတယ်။ ကျနော်တို့ တောင်းဆိုတာက မြန်မာနိုင်ငံမှာ နိုင်ငံ့ဝန်ထမ်းတွေ အဂတိလိုက်စားမှု ပပျောက်ရေးဆိုတာ တရားစွဲခိုင်းတာလဲ မဟုတ်ဘူး၊ အရေးယူခိုင်းတာလဲ မဟုတ်ဘူး။ အဂတိလိုက်စားမှု

ပပျောက်အောင်လို့ အခြေခံကျတဲ့ လုံလောက်သော သူတို့ရဲ့ ဝန်ဆောင်မှုတွေပေးဖို့၊ အလုံအလောက်ပေးဖို့ အဲဒါတွေကို ကျနော် ဆိုလိုတာပါ။ သူတို့ ဝန်ထမ်းတွေကို ဖြုတ်ခိုင်းတာ မဟုတ်ပါဘူး။ ဝန်ထမ်းတယောက် ပြုတ်သွားရင် သူတယောက်ထဲ ပြုတ်တာမဟုတ်ဘူး၊ သူ့ကို အရေးယူရင် သူ့တယောက်ထဲ အရေးယူတာ မဟုတ်ဘူး၊ သူ့နောက်မှာ မိသားစုတွေရှိတယ်၊ ဆွေမျိုးအသိုင်းအဝိုင်းတွေ ရှိတယ်၊ ပတ်ဝန်းကျင်ရှိတယ်။ ဒီလို အရေးယူခံရတဲ့အခါကျတော့ ဒီလူတွေဟာ သူ့ပတ်ဝန်းကျင်မှာ လူတွေညိုငြင်သွားပြီးတော့ ဆိုးရွားတဲ့ဒဏ်တွေကို ခံစားရနိုင်တယ်။ အဲဒါကြောင့် ကျနော်တို့က ဝန်ထမ်းတွေကို အရေးယူခိုင်းတာ မဟုတ်ဘူး၊ အခြေခံကျကျ အဂတိလိုက်စားမှုကို ပြုပြင်ပြောင်းပေးဖို့ အဲဒါကို တောင်းဆိုတာပါ။ ဝန်ထမ်းတွေကို အရေးယူခိုင်းတာ မဟုတ်ပါဘူး၊ ဝန်ထမ်းတွေကို အရေးယူမယ်ဆိုရင်လဲ ကျနော်တို့က ကန့်ကွက်ရမှာပါ။ ဒီဝန်ထမ်းတွေ ရှေ့က ကျနော်တို့က ရပ်တည်ရမှာ ဖြစ်ပါတယ်။”

ဒီဗွီဘီ ။ ။ ကိုထင်ကျော်တို့ ဆိုလိုတာက ဝန်ထမ်းတွေ လာဘ်မစားအောင် သူတို့ကို လုံလောက်တဲ့ လစာပေးရမယ်ပေါ့။ အဲဒီလို ဆိုလိုတာလား။

“လစာတခုထဲနဲ့တော့ မဖြစ်ပါဘူး။ လစာတခု တိုးပေးတိုင်း၊ တိုးပေးတိုင်းမှာ အခြား အခက်အခဲတွေလဲ အများကြီးရှိတယ်။ ဆိုလိုတာက ကုန်ဈေးနှုန်း ကျဆင်းရေးကို ကုန်သည်တွေကို ဒီဈေးနဲ့ ရောင်းပါဆိုတော့၊ ဒီဈေးနဲ့ရောင်းပါဆိုတာက ရက်ပိုင်းလောက်ပဲ ရလိမ့်မယ်။ ဒီအပေါ်မှာ အခြေခံကျကျနဲ့ ကုန်စည်စီးဆင်းမှု၊ ကုန်က ထွက်လာတဲ့ ဒေသဆိုင်ရာ စိုက်ပျိုးမှုတွေ၊ ရင်းနှီးမှုတွေ၊ မွေးမြူမှုတွေ အဲဒီအပေါ်အမှာ အခြေခံကျကျ တွက်ချက်ပြီးတော့ ပြုပြင်ပြောင်းလဲဖို့ အဲဒါကို ဆိုလိုတာပါ။”

ဒီဗွီဘီ ။ ။ (၂၄) နာရီ စစ်ပြီးတော့ ပြန်လွှတ်ပေးလိုက်တယ်။ ဒါပေမဲ့ အရင် (၇) ယောက်ကတော့ ပြန်မလွှတ်သေးဘူး။ ဒီကြားထဲမှာ ကိုထင်ကျော် ပြောသလောက် အခြေအနေအရ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီလဲ ဖျက်သိမ်းလိုက်ရတယ်ဆိုတော့ (၁၇) ချက်ရဖို့ ကိုထင်ကျော် ဆက်လုပ်မှာလား၊ ဒါမှမဟုတ် ဘယ်လို ပြောလို့ရမလဲ။

“အခု အခြေခံ ပြည်သူ့လိုအပ်ချက် (၁၇) ချက်ကို မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး လိုလားသူများ အနေနဲ့ ကျနော် ကြေညာခဲ့ပါတယ်။ ကျနော် ဆက်လုပ်နေမှာပါ။ ဒီ (၁၇) ချက်ကို အမြဲတစေ ကိုင်ဆောင်ပြီးတော့ တောင်းဆိုသွားမှာ ဖြစ်ပါတယ်။ ကျနော်တို့ဟာ လမ်းပေါ်ထွက်ပြီးတော့ ပြည်သူတွေကြားထဲမှာ ရက် (၅၀) အတွင်းမှာ လုံးဝ လှုပ်ရှားဆောင်ရွက်မှု မလုပ်ပါဘူးဆိုတဲ့ ကတိကိုလဲ ကျနော် ပေးခဲ့ပါတယ်။”

ဒီဗွီဘီ ။ ။ ရက် (၅၀) ကျော်ရင်ရော။

“ဒါကတော့ ကျနော်တို့က နိုင်ငံတော် အကြီးအကဲများကိုလဲ ဂါရဝပြုပြီးတော့ တောင်းဆိုခဲ့တာ ဖြစ်ပါတယ်။ ကျနော် သတင်းစာရှင်းလင်းပွဲမှာလဲ ပြောခဲ့ပါတယ်။ ကျန်တဲ့ တခြား (၅၄) သန်းသော ပြည်သူများကလဲ ကျနော်တို့ ထုတ်ပြန်ထားတဲ့၊ တောင်းဆိုထားတဲ့ (၁၇) ချက်အပေါ်မှာ ရဲရဲဝံ့ဝံ့နဲ့၊ ပြတ်ပြတ်သားသားနဲ့၊ ယဉ်ယဉ်ကျေးကျေးနဲ့၊ စည်းကမ်းရှိစွာနဲ့၊ ညီညွတ်စွာနဲ့ ကိုယ့်ရဲ့ဆန္ဒကို ထုတ်ဖော်ကြပါ။ ထုတ်ဖော်တဲ့ အတွက်လဲ ကျနော်က ထောက်ခံနေမှာပါ။ အခု သင်္ကန်းကျွန်းမြို့နယ်က အရေးယူခံနေရတဲ့ ဦးသိန်းဇံကို ကျနော်က လှိုက်လှဲစွာ ထောက်ခံကြောင်းနဲ့ ဂုဏ်ယူကြောင်း ဒီနေရာကနေ ပြောဆိုအပ်ပါတယ်။”

ယခုဆန္ဒပြပွဲနှင့် ဆက်စပ်ပြီး ဖမ်းဆီးခံနေရဆဲဖြစ်သူ (၇) ဦးထဲမှ (၂) ဦး၏ မိသားစုဝင်များနှင့် ဆက်သွယ်မေးမြန်းခွင့် ရခဲ့ပါသည်။

“ကျမနာမည်က ထက်ထက်တင်ပါ။ အသက်က (၃၂) နှစ်ပါ။ ကျမမှာ ကလေးတယောက်နဲ့ အခု ကိုယ်ဝန်ကြီးနဲ့ပါ။ ကျမရဲ့ အမျိုးသားက မှန်တဲ့ကိစ္စတွေကို လုပ်တဲ့အတွက်ကြောင့် သိပ်ပြီးတော့ စိတ်မပူပါဘူး။ သူဖြစ်လာခဲ့မယ်ဆိုရင်လဲ ကျမ အားလုံးကို ရင်ဆိုင်ဖို့ အဆင်သင့်ပါပဲ။ အများပြည်သူအတွက် လုပ်တဲ့အတွက်ကြောင့်မို့ ဘယ်လိုပဲ ဒုက္ခခံရ ခံရပေ့ါ။ ကျမ ယောကျ်ားအတွက် ကျမ ထောက်ခံပါတယ်။ ဒါပေမဲ့ ပြန်လာမလားလို့တော့ မျှော်နေတာပေ့ါနော်။ သူရှိနေတုန်းကတောင် စီးပွားရေး နည်းနည်းကြပ်တယ်ဆိုတော့ သူမရှိတဲ့အခါ ပိုပြီး စီးပွားရေး ကြပ်တာပေ့ါနော်။ အဲဒီတခုပဲ ရှိပါတယ်။ ဖြစ်သမျှအားလုံးကိုတော့ ရင်ဆိုင်မယ်လို့တော့ ဆုံးဖြတ်ထားပါတယ်၊ ဒါပါပဲ။”

ဖမ်းဆီးခံနေရဆဲဖြစ်သည့် ကိုသိန်းအောင်မြင့်နှင့် အမျိုးသမီး မထက်ထက်တင်၏ ပြောကြား ချက်ဖြစ်ပါသည်။ အလားတူ ပင် ကိုအောင်ကြီးခေါ် ကိုမိုးအောင်စိုး၏ မိခင် ဒေါ်မြသန်းကလည်း သူ့၏သား လုပ်ရပ်အတွက် ဂုဏ်ယူပါသည်ဟု ယခုလို ရင်ဖွင့် ပြောကြားလာပါသည်။

“ကျမကတော့ ဖြစ်ဖြစ်ခြင်း ကျမသားအတွက် ရဲတယောက်က ပြောတော့ ခင်ဗျားတို့ အလုပ်ရှုပ်တယ်၊ ဒါနိုင်ငံရေးတဲ့။ အဲဒီလို ပြောသံတွေ ကြားတော့ ကိုယ်လဲ နိုင်ငံရေး မှတ်ပြီးတော့ ကလေးကို စိတ်ပူတာပေ့ါ။ ဒီကလေးက အသက်ငယ်ငယ်လေးနဲ့ နိုင်ငံရေး လုပ်စရာလားဆိုပြီး စိတ်နည်းနည်း ကွက်မိတယ်။ အခု သေသေချာချာ လေ့လာတဲ့အခါကျတော့ သူတို့ ပြောတဲ့ (၁၇)

ချက်နဲ့ ပတ်သက်ပြီး ကိုယ်က သိလဲသိရော အဲဒါ ကိုယ်က ဒါ နိုင်ငံတော် ပုန်ကန်တာ မဟုတ်ဘူး၊ လူ (၅၄) သန်းမှာ တကယ်လဲ ဖြစ်ပျက်နေတယ်ဆိုပြီး ကိုယ်က လက်ခံတာပေါ့။ ဟုတ်တယ် မဟုတ်လား။ မြန်မာပြည်သူပြည်သားတွေ အတွက်ပဲဆိုပြီးတော့ ကိုယ်က တဦးတည်းသော မွေးထားတဲ့ ကိုယ့်ရဲ့သားလေးက (၅၄) သန်းအတွက် ကိုယ့်သားလေးကို ပေးဆပ်လိုက်တာပေါ့နော်။ အဲဒါကို နောင်တမရပါဘူး။ ဂုဏ်ယူပါတယ်။ ရပ်ကွက်ထဲက ဒေါ်မြသန်း၊ စိတ်ကို ထိန်းထားပေါ့။ စိတ်မပူနဲ့ အဲဒီလိုမျိုးလေ။ ကလေး အဲဒီလိုဖြစ်တော့ ရပ်ကွက်ကလဲ ကျန်းမာရေး ဂရုစိုက်လို့ လာပြောကြပါတယ်။ အဲဒီအချိန်မှာ ကျမက ရဲရဲတင်းတင်းပါပဲ။ ကိုယ့်သားလေးက ပုန်ကန်မှုလဲ မဟုတ်ဘူး၊ လူသတ်မှုနဲ့ မဟုတ်ဘူး၊ ဖဲမှုလဲ မဟုတ်ဘူး၊ ဒီလိုမျိုး ဘာမှုမှ မဟုတ်တဲ့အတွက်မို့ ဂုဏ်ယူတယ်လို့။”

ကိုအောင်ကြီးနှင့် အတူ ဖမ်းဆီးခံနေရသူ (၇) ဦးမှာ ကိုသိန်းအောင်မြင့်၊ ကိုအေးလွင်၊ ကိုမြင့်ရွှေ၊ ကိုတင်မင်းနိုင်၊ ကိုဝင်းအောင်နှင့် ကိုအေးကြည်တို့ ဖြစ်ပါသည်။

(အစသို့)

---

## လာဘ်စားမှုကို တိုင်ကြားသဖြင့် ထောင်ကျနေသူ လယ်သူမတဦး၏ အယူခံအမှုကို

*၁၀ ၊ မတ် ၊ ၂၀၀၇*

အာဏာပိုင်များ၏ လာဘ်စားမှုကို ဖော်ထုတ်တိုင်တန်းမှုနှင့် အင်းစိန်ထောင်တွင် အကျဉ်းကျခံနေရသည့် လယ်သူမကြီး ဒေါ်ခင်ဝင်း၏ အမှုအယူခံကို လာမယ့် (၂၀) ရက်နေ့တွင် တောင်ပိုင်းခရိုင် တရားရုံးမှ အမိန့်ချသရန် သတ်မှတ်လိုက်ကြောင်း သိရပါသည်။ ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ညောင်ပင်သာကျေးရွာမှ လယ်သူမကြီး ဒေါ်ခင်ဝင်း၏ အမှုအယူခံကို အမိန့်ချမှတ်ရန် နှစ်ဖက်စလုံး၏ လျှောက်လဲချက်များကို ယခုလ (၆) ရက်နေ့တွင် တရားရုံးမှ လက်ခံလိုက်သည်ဟု အကျိုးဆောင် ရှေ့နေ ဦးအောင်သိန်းမှ ယခုလို ပြောပါသည်။

“ဖေဖော်ဝါရီ ဒီဇင်ဘီ (၁၃) ရက်နေ့မှာ ကျနော်တို့ အယူခံလွှာကို တောင်ပိုင်းခရိုင် တရားရုံးကို တင်တယ်။ အဲဒီနေ့မှာပဲ ပဏာမအနေနဲ့ လက်ခံလိုက်တယ်။ တရားရုံးက လက်ခံပြီးတော့ ဖေဖော်ဝါရီလ (၂၇) ရက်နေ့ အခါကျတော့ ဒီ ဟိုဘက်က လျှောက်ထားခံရသူဖြစ်တဲ့ ဦးဝင်းရှိန်လာတယ်။ လာတော့ နှစ်ဖက်စုံသွားတာပေါ့နော်။ နှစ်ဖက်စုံသွားတဲ့အတွက် ဒီ မတ်လ (၆) ရက်နေ့ကို တင်ရတယ်၊ ကျနော်တို့နှစ်ဖက် လျှောက်လဲချက်တင်တယ်။ အဲဒီ လျှောက်ထားခံရသူ ဦးဝင်းရှိန်ဘက်ကလဲ တင်တယ်။ နောက်ပြီး နိုင်ငံတော်ဘက်ကလဲ တင်တယ်ပေါ့နော်၊ ဥပဒေရုံးကလဲ တင်ပြီးတော့ အခုဒီ မတ်လ (၂၀) ရက်နေ့မှာ အမိန့်ချမယ်လို့ တရားရုံးက သတ်မှတ်ထားတာပဲ။ ကျနော်တို့ ဒီအပေါ်မှာတင်တဲ့ အကြောင်းအရာ ကိစ္စကတော့ ကျနော့် အယူခံအမှုမှာ ဒီ ဒေါ်ခင်ဝင်းဘက်က သူတင်ပြစွပ်စွဲထားတဲ့ တိုင်တန်းတင်ပြတာတွေနဲ့ ပတ်သက်ပြီးတော့ ဒေါ်ခင်ဝင်း ဘက်ကနေပြီးတော့ သူ့ တရားခံပြသက်သေရဲ့ ထွက်ဆိုချက်တွေ ရှိတယ်။ သက်သေတွေက ဒေါ်ခင်ဝင်း ထွက်ဆိုချက်တွေကို ထောက်ခံတယ်။ သူတို့ကိုယ်တိုင် တွေ့ရှိချက်တွေကို တရားရုံးမှာ လာပြီးတော့ အစစ်ခံတင်ပြတာပဲလေ။ ဆိုတော့ အဲဒါတွေ ရှိပါလျှက်နဲ့ ဒေါ်ခင်ဝင်း တိုင်တန်းချက်တွေက မမှန်ဘူး။ ဒေါ်ခင်ဝင်းက သက်သေအခိုင်အမာ မထူနိုင်ဘူးလို့ ပြောတာဟာ ဥပဒေနဲ့ မညီညွတ်ပါဘူး၊ ဒါကြောင့် ဒီဟာကို ပြန်လည် သုံးသပ်ပေးသင့်ပါတယ်လို့ ကျနော်တို့ လျှောက်တဲ့အခါမှာ အဲဒီတောင်ပိုင်း ခရိုင်တရားရုံးက ဒီအမှုကို လက်ခံဖို့ ပထမဦးဆုံးအနေနဲ့ စဉ်းစားတာပေါ့လေ။ အဲတော့ ကျနော်တို့ ပြန်ပြီးဒီမှာ ရေးသားလျှောက်လဲချက်တွေ တင်တဲ့အခါမှာ သူဒီဟာပေါ်မှာ ပြန်ပြီးသုံးသပ်ပြီးတော့ ဒီအမှုအပေါ် ထပ်ပြီး ဆုံးဖြတ်ပေးမယ် ဆိုတဲ့သဘောပါပဲ။ ”

အသက် (၅၁) နှစ်အရွယ်ရှိ ဒေါ်ခင်ဝင်းသည် ကျေးရွာအာဏာပိုင်များနှင့် ကြံ့ဖွံ့အတွင်းရေးမှူး ဦးဝင်းရှိန်တို့၏ လာဘ်စားမှုကို တရားရုံးသို့ တိုင်ကြားရင်း၊ အာဏာပိုင်တွေဘက်မှ သူမကို မမှန်သတင်းပေးမှုနှင့် ပြီးခဲ့သည့် ဒီဇင်ဘာလ (၂၇) ရက်တွင် ဖမ်းဆီးပြီး၊ ထောင်ဒဏ်တနှစ် ချလိုက်ခြင်းဖြစ်ပါသည်။

(အစသို့)

---

## ကိုသွင်လင်းအောင်ကို အမြန်ပြန်လွှတ်ပေးရန် (၈၈) ကျောင်းသားများ တောင်းဆို

*၁၂ ၊ မတ် ၊ ၂၀၀၇*

ယခုလ (၅) ရက်နေ့တွင် ရန်ကုန်လေဆိပ်မှ ဖမ်းသွားသည့် နိုင်ငံရေး အကျဉ်းသားဟောင်း ကိုသွင်လင်းအောင်ကို ချက်ချင်းပြန်လွှတ်ပေးရန် (၈၈) မျိုးဆက် ကျောင်းသားများ အဖွဲ့မှ နအဖ စစ်အစိုးရကို ယနေ့ တိုက်တွန်းလိုက်ပါသည်။

"ကျနော်တို့ကတော့ (၈၈) မျိုးဆက် ကျောင်းသားများအားလုံးက အလေးအနက် ကျနော်တို့ တောင်းဆိုချင်တာကတော့ ဒီပညာသင်ကြားမှုမှာ အနှောင့်အယှက်မပေးဖို့နဲ့ ကိုသွင်လင်းအောင်ကို အမြန်ဆုံး ပြန်ပြီးတော့ လွှတ်ပေးဖို့ ကျနော်တို့ (၈၈) မျိုးဆက် ကျောင်းသားများ အားလုံးကနေပြီးတော့ ကျနော်တို့ တခဲနက် တောင်းဆိုတာ ဖြစ်ပါတယ်။"

(၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုကိုကြီး ဖြစ်ပါသည်။ ကိုသွင်လင်းအောင်သည် ယခုလ (၅) ရက်နေ့မှ အမေရိကန်နိုင်ငံကို ပညာတော်သင် သွားစဉ် လေဆိပ်အရောက်တွင် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်ပါသည်။ သို့ပေမဲ့ ၄င်းကို မည်သည့်အတွက်ကြောင့် ဖမ်းထားသည်ကို ယခုချိန်ထိ အာဏာပိုင်များမှ လုံးဝ အကြောင်းကြားခြင်း မရှိသေးကြောင့် မိသားစုမှ အထူးစိုးရိမ် ကြောင်းကိုလည်း ကိုကိုကြီးမှ ပြောပါသည်။ ထို့အပြင် အတန်းပညာ ဆက်သင်ခွင့် ပိတ်ပင်ခံထားရသည့် နိုင်ငံရေး အကျဉ်းသားဟောင်း များ၏၊ ပညာသင်ကြားရေးကိစ္စတွင် အာဏာပိုင်များမှ နှောင့်ယှက်ဟန့်တားမှုများ ပြုလုပ်လာသည့်အပေါ် စိုးရိမ်မှုများ ဖြစ်စေသည်ဟု ကိုကိုကြီးမှ ဆက်ပြောပြပါသည်။ နိုင်ငံရေး အကျဉ်းသားဟောင်း ကျောင်းသားများအပေါ် အာဏာပိုင်များမှ နှောင့်ယှက်မှုများ ပြုလုပ်နေသည့် အချိန်တွင်(၈၈) မျိုးဆက် ကျောင်းသားများအဖွဲ့မှ နိုင်ငံရေးအကျဉ်းသား မိသားစုများအား စိတ်ဓါတ်ခွန်အား မြှင့်တင်ပေးရန် အနေနှင့် အဖြူရောင် တနင်္ဂနွေ လှုပ်ရှားမှုတရပ်ကို တနင်္ဂနွေနေ့ကပင် စတင်ခဲ့ကြပါသည်။ ၄င်းလှုပ်ရှားမှုအပေါ် အာဏာပိုင်တွေဘက်မှ တုံ့ပြန်လာမည့် အနေအထားနှင့် ပတ်သက်ပြီး မေးမြန်းသည့်အခါ ကိုကိုကြီးမှ ယခုလို ဖြေကြားသွားပါသည်။

"ကျနော်တို့ကတော့ ဒီအဖြူရောင်တွေ ဝတ်တဲ့ ဝတ်ဆင်မှုကနေ စပြောရရင် ကျနော်တို့ ထောင်တွေမှာ နှစ်ရှည်လများ တချို့ဆိုရင် ကျနော်တို့နဲ့ အတူတူကို၊ ကျနော်တို့ထက် နှစ်ရှည်နေတဲ့ သူတွေပါ၊ အများကြီး ကျန်နေပါတယ်။ အဲဒီတော့ သူတို့တွေက အဖြူရောင်ဝတ်နဲ့ အထဲမှာ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲနဲ့ တောက်လျှောက် ကြံ့ကြံ့ခံနေတဲ့ အချိန်မှာ သူတို့နဲ့ ကျနော်တို့ဟာ အတူတူပဲ မျှဝေခံစားပြီးတော့ သူတို့အတွက် ကျနော်တို့ ဂုဏ်ယူနေတယ်၊ အားပေးထောက်ခံနေတယ်ဆိုတာကို ပြသဖို့အတွက် ကျနော်တို့ကိုယ်တိုင် ဒီအဖြူရောင် အင်္ကျီတွေ ဆင်တူဝတ်တာ ဖြစ်ပါတယ်။ အဓိကက အထဲမှာ ရှိနေတဲ့ အကျဉ်းသားတွေနဲ့ ကျနော်တို့နဲ့က ထပ်တူထပ်မျှပဲ သူတို့ကို ကျနော်တို့မမေ့မသွားဘူး။ သူတို့ရဲ့ အမှန်တရားအတွက် ကြံ့ကြံ့ခံနေတဲ့ စိတ်ရဆကသအဇာတ်နဲ့ သူတို့ရဲ့ စွန့်လွှတ်မှုတွေကို ကျနော်တို့ ဂုဏ်ပြုနေတယ် ဆိုတာကို သူတို့ကိုရော၊ သူတို့ရဲ့ မိသားစုတွေကိုပါ။ စိတ်ဓါတ်ခွန်အား ဖြစ်စေဖို့ ရည်ရွယ်တာပါ။ အဲတော့ ကျနော်တို့ ဗမာ့ယဉ်ကျေးမှု ဓလေ့ထုံးစံမှာလဲပဲ ဒုက္ခရောက်နေတဲ့သူ၊ အကျဉ်းအကြပ် ဖြစ်နေတဲ့သူကို သွားပြီးတော့ အားပေးတာ ကူညီတာကို ဒီလိုမျိုး အနှောင့်အယှက်တွေ ဘာညာဖြစ်လာဖို့ကတော့ ကျနော်တို့ မမျှော်လင့်ပါဘူး။ မလုပ်လဲ မလုပ်သင့်တဲ့ကိစ္စပါ ကျနော်တို့ ဒီအကျဉ်းသား မိသားစုကို သွားပြီးအားပေးတဲ့ ကိစ္စဟာ ဒါ လူတိုင်းလုပ်သင့်တဲ့ အားပေးရမယ့် ကိစ္စလို့ပဲ မြင်ပါတယ်။ "

အဖြူရောင် တနင်္ဂနွေ လှုပ်ရှားမှုနှင့်ပတ်သက်ပြီး ကိုကိုကြီး၏ ပြောပြချက် ဖြစ်ပါသည်။

(အစသို့)

---

## နေအိမ်ခြံစည်းရိုး စာကပ်မှုနှင့် ဖမ်းဆီးထားသူ ဦးသိန်းဇံ ရုံးချိန်း ထပ်မံရွှေ့ဆိုင်း

*၁၄၊ မတ်၊ ၂၀၀၇*

သိမ်ကြီးဈေးရှေ့ ငြိမ်းချမ်းစွာ ပြည်သူ့သဘောထား ပြသခဲ့သူများကို မနေ့က ပြန်လွှတ်ပေးသည်ကို ကြိုဆိုကြောင်း(၈၈) မျိုးဆက်ကျောင်းသားများမ ပြောပါတယ်။ ဒါပေမဲ့ သံရုံးရှေ့လဲမသွား လမ်းမလဲမထွက် ကိုယ့်အိမ်ခြံဝင်း တွင်းမှာပဲ ကိုယ့်ဆန္ဒ သဘောထားကို ငြိမ်းငြိမ်းချမ်းချမ်း ပြသခဲ့တဲ့ ဦးသိန်းဇံကို ပြန်လွှတ် မပေးတောတော့ နားမလည် နိုင်ဘူးလို့ (၈၈) မျိုးဆက် ကျောင်းသားတွေက ပြောပါတယ်။

ရန်ကုန် သင်္ဃန်းကျွန်း မြို့နယ်က ဦးသိန်းဇံဟာ သူ့ကိုယ်ပိုင် ခြံအိမ်ဝင်း အတွင်းမှာ သတင်းစာတွေ ကပ်ပြီး ဟုတ်ပဲ့မလား မောင်ကာဥ္စရယ် ရေးသား ဖော်ပြခဲ့မှုနဲ့ အဖမ်းခံနေရတာ ဖြစ်ပါတယ်။ ဒီကနေ့ ရုံးချိန်းထုတ်ရာမှာလဲ

တရားလို အာဏာပိုင်တွေက ခေါင်းရှောင်နေတာမို့ တစုံတရာ စစ်ဆေးခြင်း မလုပ်နိုင်ပဲ အမှုကို လာမဲ့ (၂၆) ရက်နေ့ကို ရွှေ့ဆိုင်းလိုက်တယ် သိရပါတယ်။

ဒီကနေ့ ဦးသိန်းဇံရဲ့ ရုံးချိန်းမှာ (၈၈) ကျောင်းသားတွေ၊ အင်္ဂါဘုရားဖူး အဖွဲ့ဝင်တွေ၊ မစုစုနွေး၊ ဦးအုန်းသန်းစတဲ့ လူ့အခွင့်အရေး လှုပ်ရှားသူတွေနဲ့ ရန်ကုန်မြို့နယ် အသီးသီးက ဦးသိန်းဇံကို ထောက်ခံကြတဲ့ လူအင်အား (၁၅၀) လောက် လာရောက် အားပေး ခဲ့ကြတယ်လို့ သိရှိရပါတယ်။

လူတွေကတော့ တဖွဲဖွဲလာနေတယ်။ (၁၀) နာရီခွဲလောက်မှာ အချုပ်ကား ရောက်လာပြီး ဦးသိန်းဇံကို ကျမတို့ သွားနှုတ်ဆက်တယ်။ နှုတ်ဆက်တာတော့ ကားကို ပတ်ပတ်လည်ပဲ လူတွေက ဝိုင်းလို့။ သူက အရမ်းတက်ကြွပြီးတော့၊ အရမ်းကို အားရှိနေပုံ ရပါတယ်။ ကျနော်တို့က စိတ်ဓာတ်မကျပါနဲ့ ဦးသိန်းဇံ ခင်ဗျားနောက်မှာ ကျနော်တို့ ကျောင်းသားတွေ ရပ်တည်နေပါတယ်၊ အမြဲရှိနေပါတယ်လို့ ပြောပါတယ်။ ထောင်ကားကြီးကို ဝိုင်းထားသလိုတောင် ဖြစ်သွားတယ်။ ဦးသိန်းဇံကို လက်တွေပြ၊ နေကောင်းလားလို့ မေးတဲ့လူကမေးကြ၊ လက်ဆွဲ နှုတ်ဆက်ကြနဲ့ ဘုန်းကြီးတပါးလဲ ပါတယ်။ အဲဒီ ဘုန်းကြီးကလဲ ဦးသိန်းဇံကို ဝင်နှုတ်ဆက်တယ်။ ဆင်းလာတဲ့အခါမှာတော့ အတွဲလိုက်ကြီးပေါ့။ သူတို့ကို လက်ထိပ် ခတ်ပြီးတော့လေ။ တခြား ရာဇဝတ်သားတွေနဲ့အတူ လက်ထိပ်ခတ်ပြီးတော့ သူ့နောက်က ကျမတို့ တန်းစီပြီး လိုက်သွားကြတယ်။ အချုပ်ခန်းထဲ အထိလေ။

ဒီကနေ့ တရားရုံးက မြင်ကွင်းကို ရောက်ရှိသွားကြတဲ့ (၈၈) မျိုးဆက် ကျောင်းသူတဦးနဲ့ ဒေါပုံမြို့သားတဦးတို့ ပြောပြသွားတာပါ။ အာဏာပိုင်တွေက အရေးတယူ စွပ်စွဲခဲ့တဲ့ ဒီအမှုရဲ့ အစိုးရ သက်သေတွေ ဖြစ်ကြတဲ့ ရယက အဖွဲ့ဝင်တွေ မလာရောက်တာမို့ လာမဲ့ (၂၆) ရက်နေ့အထိ အမှုရုံးချိန်းကို ပြန်ချိန်းလိုက်ပါတယ်။ ဒီ အကြောင်းကို အကျိုးဆောင်ရှေ့နေကြီး ဦးအောင်သိန်းက။ ဒီနေ့က တရားလိုပြသက်သေ ရယက အဖွဲ့ဝင်တွေ သူတို့က (၁၀) တန်းဖြေတဲ့ ကျောင်းလုံခြုံရေး ကိစ္စတွေကို တာဝန်ယူ နေရတဲ့အတွက် ဒီနေ့ ရုံးချိန်းကို မလာရောက်နိုင်ဘူး ဆိုပြီး စာပြန်လာတယ်။ တရားရုံးက (၂၆) ရက်နေ့ကို ပြန်ချိန်းလိုက်တယ်။

အခုလို ဦးသိန်းဇံရဲ့ ရုံးချိန်းကို ထပ်မံ ရွှေ့ဆိုင်းလိုက်တဲ့အပေါ် (၈၈) မျိုးဆက် ကျောင်းသား ခေါင်းဆောင် ကိုကိုကြီး ကတော့ အခုလို ဝေဖန်ပါတယ်။

မိမိနေအိမ်ကနေ တကူးတက သံရုံးတွေရှေ့မှာ ပိုစကတာကိုင်ပြီးတော့ ဆန္ဒပြတဲ့လူတွေကို ချီးကျူး ဂုဏ်ပြုတဲ့ သဘောမျိုး သတင်းစာတွေမှာ ရေးသားဖော်ပြတယ်၊ သိမ်ကြီးဈေးရှေ့မှာ ဆန္ဒပြတဲ့ ပြည်သူတွေကိုလဲ ပြန်လွှတ်ပေး လိုက်ကြပြီ။ အခု သူ့ဟာသူ တယောက်ထဲ သူက နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေကလဲ မဟုတ်ဘဲနဲ့ သာမန်ပြည်သူ တယောက်က သူ့ပရိဝုဏ်မှာ သတင်းဆောင်းပါး ဖြတ်ပိုင်းတွေနဲ့ ရေးသားချိတ်ဆွဲတဲ့ ဟာကို စပြီးတော့ စပြီး ဖမ်းဆီးတဲ့ (၇) ရက်နေ့ကစပြီးတော့ (၂၆) ရက်နေ့ ထပ်ပြီးတော့ ရုံးချိန်းယူမယ်ဆိုရင် အရက် (၂၀) လောက် အချုပ်နှောင်ခံနေရတဲ့ဟာက နိုင်ငံသားတဦး အနေနဲ့ အင်မတန် နစ်နာပါတယ်။ ဆက်ပြီး ဒီအတိုင်း ချုပ်နှောင် ထားမယ်ဆိုရင် လူ့အခွင့်အရေး၊ နိုင်ငံသား အခွင့်အရေးကို ချိုးဖောက်တဲ့လုပ်ရပ် ဖြစ်တယ်လို့ ကျနော်တို့ မြင်ပါတယ်။

စစ်အစိုးရ သက်သေတွေ ဖြစ်ကြတဲ့ ရယက အဖွဲ့ဝင်တွေ ဒီကနေ့ မလာရောက်ခဲ့တာကိုလဲ ကိုကိုကြီးက အခုလို သုံးသပ်ပါတယ်။ ဒီဟာက အမိန့်နဲ့ လုပ်နေကြတာပဲ။ ဒီနေ့ မင်းဒီအမှုမှာ သက်သေ သွားလိုက်ဆိုရင် ကျန်တဲ့ဟာ ဘယ်လောက် အရေးတဲ့ ကိစ္စတွေဖြစ်ဖြစ် ဖျက်သိမ်းပြီးတော့ သက်သေလိုက်ရမှာပဲ။ အခုတော့ ခရီးလွန်နေလို့ဆိုတဲ့ အကြောင်းပြချက်တို့၊ စာမေးပွဲ စောင့်ရလို့ပါဆိုတဲ့ တကယ်တော့ မဟုတ်ဘူးလို့ ကျနော်မြင်တယ်လေ။ အခုလို ကပ်ထားတာက ပြီးခဲ့တဲ့ ရယကတွေ လက်ထက်ကတည်းက အခု ရယကတွေ အသစ်ခန့်အပ်ပြီးတဲ့ နောက်ပိုင်း ကြကာမှ သီးခြားညွှန်ကြားချက်တွေဖြစ်တဲ့ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ဟာတွေ ဆောင်ရွက်ဖို့၊ အရေးယူဖို့ ဆိုပြီးတော့ နိုင်ငံရေးလှုပ်ရှားမှုတွေကို ဖိနှိပ်ဖို့အတွက် သီးခြားညွှန်ကြားချက်တွေကို အခု

နောက်ဆုံး ခန့်အပ်လိုက်တဲ့ ရယကတွေကို မယကတွေကတဆင့် ခိုင်းစေတယ်၊ ညွှန်ကြားတယ် ဆိုတာတွေလဲ ကျနော်တို့ ကြားနေရပါတယ်။ အခု အမှုဟာ ကြံ့ခိုင်ဖွံ့ဖြိုးရေး အဖွဲ့တွေကနေ ခန့်အပ်တဲ့ ရယကတွေ တက်လာတဲ့ နောက်ပိုင်းမှာ ဖြစ်လာတဲ့ ထူးခြားမှု ဖြစ်ပါတယ်။ဒီကနေ့ တရားရုံးမှာ ဦးသိန်းဇံကို ထောက်ခံသူတွေနဲ့ ပြည့်နေပေမဲ့ ရာနဲ့ချီတဲ့ ကြံ့ဖွံ့ အဖွဲ့ဝင်တွေကလဲ ကပ်လျက်မှာရှိတဲ့ မယကရုံးအတွင်း နေရာ ယူထားခဲ့တယ်လို့ မျက်မြင်သက်သေတွေက ပြောပြကြပါတယ်။ ဒါ့အပြင် ဦးသိန်းဇံအတွက် မိသားစုကနေ အစား အသောက်နဲ့ ဆေးဝါးတွေ ပေးတာကိုလဲ အာဏာပိုင်တွေဘက်က ခွင့်မပြုခဲ့ဘူးလို့ သိရှိရကြောင်းပါ။

(အစသို့)

---

## ကိုသွင်လင်းအောင်ကို အာဏာပိုင်များ ဆက်လက် ဖမ်းဆီး စစ်ဆေးမှု ပြုလုပ်

*၁၄၊ မတ်၊ ၂၀၀၇*

ဆန္ဒပြပွဲနဲ့ ဆက်စပ် ဖမ်းဆီးခံရသူတွေ အခုလို လွှတ်မြောက်လာပေမဲ့ အမေရိကန် နိုင်ငံဆီ ပညာတော် သင်သွားဖို့ ကြိုးစားမှုနဲ့ ဖမ်းဆီးခံနေရသူ တက္ကသိုလ် ကျောင်းသား တဦးကိုတော့ အခုချိန်အထိ ဖမ်းဆီး စစ်ဆေးနေဆဲ ဖြစ်တယ်လို့ သိရပါတယ်။

အသက် (၃၄) နှစ်အရွယ်ရှိ ရန်ကုန်စက်မှု တက္ကသိုလ် ကျောင်းသားတဦးဖြစ်သူ ကိုသွင်လင်းအောင်ကို အခုလ (၅) ရက်နေ့က ရန်ကုန် လေယာဉ်ကွင်းမှာ အာဏာပိုင်တွေက ဖမ်းဆီးခဲ့တာဖြစ်ပြီး အခုချိန်ထိ အောင်သပြေ စစ်ကြောရေးစခန်းမှာ စစ်ဆေးနေဆဲ ဖြစ်တယ်လို့ သူနဲ့နီးစပ်သူတွေ အပြောအရ သိရပါတယ်။ သူဟာ အမေရိကန် သံရုံးက ဦးစီးဖွင့်လှစ်ထားတဲ့ အမေရိကန် စင်တာမှာ ပညာသင်ယူနေပြီး၊ အဲဒီမှာ အောင်မြင်တဲ့အတွက် ယဉ်ကျေးမှု ဖလှယ်ရေး အစီအစဉ်အရ အမေရိကန် ပြည်ထောင်စုဆီ လေ့လာရေး သွားခွင့် ရခဲ့တယ်လို့ သိရပါတယ်။ အမေရိကန်ပြည်ထောင်စုဆီ ဒီလိုသွားဖို့ ရန်ကုန်ကနေ ထွက်ခွာစဉ်မှာ အာဏာပိုင်တွေက လေဆိပ်မှာ ဖမ်းဆီးလိုက်တာ ဖြစ်ပါတယ်။ အခု လောလောဆယ် သူကို အောင်သပြေစခန်းမှာ စစ်ဆေးနေပြီး အဓိကမေးတဲ့ မေးခွန်းတွေကတော့ အမေရိကန်စင်တာမှာ ဘာတွေသင်နေလဲ၊ နိုင်ငံရေးသင်တန်းပေးနေလား၊ သံရုံးနဲ့ ကျောင်းသားတွေ ဘယ်လို အဆက်စပ် ရှိသလဲစသဖြင့် အမေရိကန် သံရုံးအကြောင်းကို ညအိမ်ခွင့်မပေးဘဲ ဆက်တိုက် စစ်ဆေးနေတယ်လို့ ကျောင်းသား သတင်းရပ်ကွက်တွေက ပြောပါတယ်။ ကိုသွင်လင်းအောင်ဟာ စက်မှု တက္ကသိုလ် ကျောင်းသား တဦးဖြစ်ခဲ့ပြီး (၁၉၉၆) ကျောင်းသား လှုပ်ရှားမှုမှာ ပါဝင်မှုနဲ့ ဖမ်းဆီးခံရဖူးသူ ဖြစ်ပါတယ်။ (၂၀၀၂) နှောင်းပိုင်းကမှ အကျဉ်းထောင်ကနေ ပြန်လွှတ်လာပြီး အမေရိကန်စင်တာမှာ အင်္ဂလိပ်စာယူ နေတာဖြစ်တယ်လို့ ကျောင်းသားတွေရဲ့ ပြောကြားချက်အရ သိရပါတယ်။

(အစသို့)

---

## ကုန်ဈေးနှုန်း ကျဆင်းရေး တောင်းဆို သဖြင့် အဖမ်း ခံရသူ (၇) ဦး ပြန်လည် လွှတ်မြောက်

*၁၄၊ မတ်၊ ၂၀၀၇*

ရန်ကုန် မြို့လယ် သိမ်ကြီးဈေး ရှေ့မှာ ကုန်ဈေးနှုန်း ကျဆင်းရေး အတွက် တောင်းဆို ဆန္ဒပြလို့ ဖမ်းဆီး ခံခဲ့ရသူ (၇) ဦးကို မနေ့ည (၁၀) နာရီ လောက်မှာ အာဏာပိုင် တွေက ပြန်လွှတ် ပေးလိုက် တယ်လို့ သိရပါတယ်။ သူတို့ (၇) ဦး ကတော့ ကိုမြင့်ရွှေ၊ ကိုအေးကြည်၊ ကိုအေးလွင်၊ ကိုဝင်းအောင်၊ ကိုသိန်းအောင်မြင့်၊ ကိုတင်မင်းနိုင်နဲ့ ကိုအောင်ကြီး (ခေါ်) ကိုမိုးအောင်စိုးတို့ ဖြစ်ပါတယ်။

သူတို့ကို အောင်သပြေ စစ်ကြောရေး စခန်းမှာ (၈) ရက်ကြာ စစ်ဆေး ပြီးတဲ့နောက် မနေ့ည (၁၀) နာရီလောက်က အိမ်တိုင် ယာရောက် ပြန်ပို့ ပေးခဲ့တာ ဖြစ်ပါတယ်။ ပြန်လွတ် လာပြီး မကြာခင် မနေ့ည (၁၀) နာရီခွဲလောက် ကပဲ သူတို့ အားလုံးကို ဒီမိုကရက်တစ် မြန်မာ့ အသံက ဆက်သွယ် မေးမြန်းခွင့် ရရှိ ခဲ့ပါတယ်။ ပထမဦးဆုံး အနေနဲ့ ကိုမြင့်ရွှေက သူတို့ စစ်ဆေး ခံခဲ့ရ ပုံကို အခုလို စပြော ပြပါတယ်။

"ကျနော် တို့ကို (၆) ရက်နေ့ ညဘက်မှာ အောင်သပြေ စခန်းကို ခဏ မေးစရာ ရှိလို လိုက်ခဲ့ပါ ဆိုပြီတော့ သူတို့ ခေါ်တုန်း ကတော့ ခဏလို့ အဲဒီလို ပြောတာမျိုး ရှိတယ်။ တကယ် ကျတော့ ကျနော် တို့ကို ဟိုမှာ စစ်ဆေး မေးမြန်း ပြီးတဲ့ အခါကျတော့ (၈) ရက် တိတိ ကြာခဲ့ပါတယ်။ တယောက်ကို တနေရာဆီ ထားပြီးတော့ သူတို့ သိချင်တဲ့ အချက်အလက်တွေ မေးပြီးတော့ နောက်တနေ့ ကျတော့ မိသားစုရဲ့ ကိုယ်ရေးရာဇဝင် သူတို့ သိချင်တာ ဆွေမျိုးတွေ ဘယ်မှာ နေလဲ၊ နှစ်ဘက် မိဘနဲ့ ပတ်သက်တဲ့ ဆွေမျိုး သားချင်း တွေကို သူတို့ မေးပါတယ်။ နောက်ကွယ် ကနေ ပါဝင် ပတ်သက်တဲ့ အဖွဲ့အစည်း တွေကို သူတို့ သိချင်တာ အဲဒါမျိုး တွေကို မေးတယ်။ ကျနော် တို့က ကင်းကင်းရှင်းရှင်း ဘယ်အဖွဲ့ အစည်းနဲ့ မဆိုင်ဘူး၊ ကျနော် တို့က ပြည်သူရဲ့ အကြပ်အတည်းကို ရှေ့ရှု ပြီးတော့ မေတ္တာ နဲ့သာ ပြည်သူ ရှေ့ကနေ ထွက်ပြီးတော့ ဆန္ဒ ပြခြင်းသာ ဖြစ်တယ် ပေါ့နော်။ အဲဒီလို ဖြေတဲ့ အခါမှာ သူတို့ ကျေနပ် ပါတယ်။"

ဒီဗွီဘီ ။ ။ ဒီ (၈) ရက် အတွင်း မှာရော ကောင်းကောင်းမွန်မွန် ဆက်ဆံလား၊ ဘယ်လို နေခဲ့ရပါလဲ။

ကောင်းကောင်းမွန်မွန် ဆက်ဆံ ပါတယ်။ ဒါပေမဲ့ နေရတဲ့ အခန်းကတော့ (၁၈) ပေ၊ (၉) ပေ ကျယ်တဲ့ အခန်းမှာ စုစုပေါင်း ကျနော်တို့ (၇) ယောက် အပါအဝင် နဂိုအခံ (၂) ယောက်နဲ့ဆို (၉) ယောက်။ နောက်လူကြပ်လာတော့ တခြား စစ်ဆေးရမဲ့ လူတွေ ထပ်ရောက်လာတယ်။ အဲဒါကတော့ တခြား ကိစ္စတွေ ကျနော်တို့ မသိဘူးပေါ့နော်။ အဲဒီအခါမှာ (၁၁) ယောက်တိတိ (၁၈) ပေ၊ (၉) ပေ အခန်းလေးထဲမှာ နေခဲ့ရပါတယ်။ အိပ်ရတာကတော့ ကြမ်းပြင်ပေါ်မှာပဲ အိပ်ခဲ့ရတာပေါ့။

ဒီဗွီဘီ ။ ။ အခု ပြန်လွတ်မလာခင် ဝန်ခံကတိတွေ ဘာတွေ လက်မှတ် ထိုးခဲ့ရသေးလား။

"ပြန်လွတ်တဲ့ အခါမှာ သူတို့ ဝန်ခံ ကတိ ထိုးခိုင်း ပါတယ်။ ဝန်ခံ ကတိတွေ ကတော့ အသင်းအဖွဲ့နဲ့ ပတ်သက် ပြီးတော့ ဖွဲ့စည်းခွင့် မရှိတဲ့ အကြောင်း၊ အဲဒါမျိုး ဖွဲ့ခွင့် မရှိဘူး ပေါ့နော်။ အဲဒီ အတွက်ကြောင့် ထောင်ဒဏ် ဘယ်လောက် ကျမယ်၊ ကျနော် နှစ်ကိုတော့  မမှတ်မိဘူး။ ဒါ နိုင်ငံတော် အေးချမ်းမှုကို ဆူပူမှု ဖြစ်တယ် ဆိုတဲ့ သဘောမျိုး ဒါတွေ အတွက်လဲ ထောင်ဒဏ် ကျခံ ရမယ်ပေါ့။ နောက် အကြည်ညို ပျက်အောင် နိုင်ငံတော် လူကြီး တွေကို လုပ်တဲ့ အတွက် ကြောင့်လဲ ဒါတွေ ရှိတယ် ဆိုတာကို သိရှိကြောင်း အဲဒီ အတွက် လက်မှတ် ထိုးပေးပါ ဆိုပြီး လက်မှတ် ထိုးရပါတယ်။ သက်ဆိုင်ရာ ရဲမှူးကြီး အဲဒီ အဆင့်က ခေါ်ပြီးတော့ ကျနော်တို့ (၇) ယောက်လုံးကို လက်မှတ် ထိုးခိုင်းတယ်ပေါ့။ အဲဒီလို စည်းမျဉ်း စည်းကမ်းတွေ သိရှိကြောင်းပေါ့။ အဲဒါတွေ နောက်နောင် ကျူးလွန်မယ် ဆိုရင် ဒီ ပြစ်ဒဏ်တွေ ခံစားရမယ် ဆိုတာ သိရှိ ကြောင်းပေါ့။ (၇) ယောက်လုံး အိမ်တွေကို လိုက်ပို့ ပြီးတော့ အိမ်ကို ရောက်တယ် ဆိုရင် ကိုအေးကြည်ကို ရောက်တယ် ဆိုရင်လဲ ကိုအေးကြည် မိဘနဲ့တွဲ ဓာတ်ပုံ ရိုက်ပေါ့၊ ရောက်ရှိကြောင်းပေါ့။ ကျနော် ဆိုရင်လဲ ကျနော့် အမနဲ့တွဲ ဓာတ်ပုံရိုက် ရောက်ရှိကြောင်းပေါ့။ အဲဒီလို စနစ်တကျ လိုက်ပို့ ပေးတာတော့ ရှိပါတယ်။"

ပြန်လွတ်လာသူ နောက်တဦးဖြစ်တဲ့ ကိုအေးကြည် ကလဲ သူတို့ကို စစ်ဆေး မေးမြန်းရာမှာ အမေရိကန် သံရုံး ကနေ မြှောက်ပေး ခဲ့သလား ဆိုတာကို အာဏာပိုင်တွေက အဓိထား မေးမြန်း ခဲ့တယ်လို့ အခုလို ပြောပါတယ်။

"ကျနော်တို့ကို မေးတာက အမေရိကန် သံရုံးကနေ ဆက်သွယ်သလား ဆိုတာကို မေးပါတယ်။ ကျနော်တို့က အမေရိကန် သံရုံးနဲ့ ဘာမှ မပတ်သက်ဘူး ကျနော်တို့ လုပ်တာက ကျနော်တို့ နိုင်ငံရဲ့ လက်ရှိ ကြပ်တည်း နေတဲ့

အခြေအနေနဲ့ ပတ်သက်ပြီးတော့ တင်ပြတာပါ။ ကျနော်တို့မှာ ဘယ်လိုမှ နိုင်ငံခြား အဆက်အသွယ် မရှိဘူး၊ အမေရိကန် သံရုံးနဲ့ အဆက်အသွယ် မရှိဘူး ဆိုတာကို အတန်တန် မေးလို့ အတန်တန် ပြောပြီးတော့ ကျနော်တို့ လက်မှတ် ထိုးခဲ့ ရပါတယ်။ ကျနော်တို့ အဆက်အသွယ် မရှိဘူး ဆိုတာကို လက်မှတ် ထိုးခိုင်း ပါတယ်။ မှန်တဲ့ အတိုင်း လက်မှတ် ထိုးခဲ့တာ၊ အဓိက သိချင်တာက နိုင်ငံခြား အဆက်အသွယ်ပေ့ါ။ အမေရိကန်နဲ့ အဆက်အသွယ် ရှိသလား ဆိုတာကို အဓိက လိုချင်တာပဲ။ အမေရိကန် သံရုံးက မြောက်ပေးလို့ လုပ်သလား၊ နောက် အမေရိကန် သံရုံးက ကျနော်တို့ကို ဖွဲ့ပေး ထားသလား ဆိုတာကို အဓိက မေးပါတယ်။"

သူတို့ အထဲက ကိုမြင့်ရွှေ၊ ကိုအေးကြည်၊ ကိုဝင်းအောင်နဲ့ ကိုအေးလွင်တို့ဟာ အသက် (၄၀) ကျော် (၅၀) နီးပါး အရွယ်တွေ ဖြစ်ပြီး၊ ကိုသိန်းအောင်မြင့် ကတော့ (၃၀) ကျော်လို့ သိရပါတယ်။ ကိုဝင်းအောင်ဟာ လက်ရှိ တာဝန် ထမ်းဆောင်နေဆဲ အစိုးရ ဝန်ထမ်း တဦး ဖြစ်ပြီး၊ ကျန် (၃) ဦး ကတော့ သာမန် ပြည်သူတွေလို့ သိရပါတယ်။ အငယ်ဆုံး (၂) ဦး ကတော့ အသက် (၃၀) မပြည့်သေးတဲ့ ကိုတင်မင်းနိုင်နဲ့ ကိုအောင်ကြီး (ခေါ်) ကိုမိုးအောင်စိုးတို့ ဖြစ်ပြီး၊ တက္ကသိုလ် ကျောင်းသားတွေလို့ ဆိုပါတယ်။ သူတို့ အထဲက ကိုဝင်းအောင်ကို အစိုးရ ဝန်ထမ်းတဦး ဖြစ်ရဲ့နဲ့ ဘာ့ကြောင့် ဆန္ဒ ပြခဲ့တာ ပါလဲလို့ မေးကြည့်တဲ့ အခါမှာတော့။

"ကျနော်ကလဲ ပြည်သူ ကြားထဲမှာ နေတဲ့ လူတယောက်လဲ ဖြစ်တယ်၊ ကျနော် ကိုယ်တိုင်ကလဲ ဝန်ထမ်း ဖြစ်နေတဲ့ အတွက်ကြောင့် ဝန်ထမ်းတွေရဲ့ အခက်အခဲ တွေရော၊ ပြည်သူတွေရဲ့ အခက်အခဲ တွေရော ကျနော်က မြင်ရတဲ့ အခါကျတော့ ပြည်သူတွေရဲ့ အခက်အခဲ ကိုတော့ နိုင်ငံတော် အကြီးအကဲတွေ သိအောင် ကျနော်တို့ တနည်းနည်းနဲ့တော့ တင်ပြ သင့်တယ် ဆိုတာကို ကျနော့် ရင်ထဲမှာ ခံစားမိတယ်။"

ဒီဗွီဘီ ။ ။ အခုလို ဆန္ဒ ပြလိုက်တော့ ကိုဝင်းအောင်ရဲ့ အလုပ် အခြေအနေ ကရော ဘယ်လို ဆက်ဖြစ်မလဲ။

"ကျနော်က နဂို ကတည်းက ဆုံးဖြတ် ပြီးတော့ လုပ်ခဲ့တာပါ။ အလုပ် ပြုတ်ရင်လဲ ပြုတ်ပါစေ ပေ့ါနော်။ ကျနော်တို့ ပြည်သူတွေ ခံစား နေရတဲ့ ဒုက္ခ တွေကို ကျနော်တို့ကနေ ရဲရဲဝံ့ဝံ့နဲ့ ထုတ်ဖော် မတင်ပြဘူး ဆိုရင် အချိန်တွေ ကြာပြီးတော့ ပြည်သူတွေ ဆက်ခံစား နေရမယ် ဆိုတာကို ကျနော် သိလို့ ကျနော်ကိုယ်တိုင် အလုပ်ပြုတ်ရင် ပြုတ်ပါစေ ဆိုပြီး အဲဒီလို ပါဝင် ခဲ့တာပေ့ါ။"

တက္ကသိုလ် ကျောင်းသား တဦး ဖြစ်တဲ့ ကိုတင်မင်းနိုင် ကိုလဲ ဘာ့ကြောင့် ဆန္ဒ ပြခဲ့သလဲ ဆိုတာ ကျမတို့ တဆက်ထဲ မေးကြည့် ခဲ့ပါတယ်။

"ပြည်သူတွေ အားလုံး ဒုက္ခ ရောက်နေတယ်၊ အဲဒီ အထဲမှာ ကျနော်တို့လဲ ပါတယ်လေ။ အထူးသဖြင့် ပညာရေးတွေ၊ ကျန်းမာရေးတွေ ခက်ခဲနေတယ်။ အဲဒီအတွက် ကျနော်တို့ ဆန္ဒပြခြင်း ဖြစ်ပါတယ်။ ကျနော်က ပြည်သူ ကြားထဲက ပြည်သူတယောက် အနေနဲ့ ပြည်သူ့မျက်နှာ ကြည့်ရမယ်၊ ပြည်သူတွေ ကောင်းစားမယ် ဆိုရင် ကျနော်တို့ ဘာပဲ ဖြစ်ဖြစ်ပါ အဖြစ် ခံပါမယ်။ ကျနော်တို့ ရှေ့မှာ ကျနော်တို့ နောင်တော်တွေ နိုင်ငံရေးနဲ့ ပတ်သက်လို့ ပေးဆပ် ခဲ့တာတွေ အများကြီး ပါပဲ။ အဲဒီလို ပေးဆပ် ခဲ့တဲ့ သူတွေကို ကျနော်တို့က အတု ယူရမယ်၊ နောက်နောင်လဲ ပြည်သူ့ အတွက် ဆိုရင် ကျနော်တို့ ကြိုးစား ရမယ်။"

သူတို့ အထဲက ကိုသိန်းအောင်မြင့် ကတော့ ကိုယ်ဝန်ဆောင် ဇနီးနဲ့အတူ မူလတန်း အရွယ် ရင်သွေးငယ်ကို ထားခဲ့ပြီး ပြည်သူတွေ အတွက် လမ်းပေါ်ထွက် ဆန္ဒပြခဲ့သူ ဖြစ်ပါတယ်။ အဖမ်းခံရလို့ ထောင်နှစ်ရှည် ကျရင် မိသားစု ဒုက္ခရောက်မှာ မကြောက်ဖူးလား ဆိုတဲ့ အမေးကို ကိုသိန်းအောင်မြင့်က အခုလို ပြန်လည် ဖြေကြား သွားပါတယ်။

"ဒုက္ခရောက်တာ ကျနော့် မိသားစု တခုထဲ ရောက်တာ မဟုတ်ဘူး၊ တတိုင်း တပြည်လုံး ဒုက္ခ ရောက်နေတာ။ ကျနော့် အမြင် ပဲလေ၊ အဲဒါကို ကျနော်တို့ တွေက မြန်မာပြည် လက်ရှိ အုပ်စိုး နေတဲ့ လူကြီးတွေမှ မတင်ပြရင် ဘယ်သူ့ သွားတင်ပြရ မှာလဲ။ ကျနော့် မိသားစု တခုထဲတင် ဒုက္ခ ရောက်တာ မဟုတ်ဘူး၊ ကျနော့်

ပတ်ဝန်းကျင်၊ ရပ်ကွက်၊ ကျနော်တို့ နေတဲ့ ရန်ကုန်တိုင်း၊ ကျနော်တို့ နေတဲ့ မြန်မာ တနိုင်ငံလုံး ဘယ်ပဲ သွားသွား ပြည်သူ တွေကို လိုက်မေးလိုက် အားလုံးက တော်တော် ဒုက္ခ ရောက်နေတာ ပေါ့နော်။ ဒုက္ခ မရောက်တဲ့ သူက လူနည်းစုပဲ ရှိတယ်။ တော်တော်များများ ဒုက္ခ ရောက်နေတဲ့ ဟာကို ကျနော်တို့က ဒီလိုမှ မထုတ်ဖော်လို့ရင် ကျနော်တို့ တိုင်းပြည်ကြီးက အနိမ့်ပါးဆုံး ရောက်သထက် ရောက်နေပါတယ်။ ဒီလို ထုတ်ဖော်လို့လဲ ကျနော်တို့က လိုအပ် လာတယ်၊ မြန်မာ ပြည်သူ ပြည်သားတွေက တဖြည်းဖြည်းနဲ့ ကိုယ့်ဒုက္ခကိုယ်ကို မထုတ်ဖော် ရဲဘဲနဲ့ ကြောက်စိတ်တွေ ဖြစ်ပေါ်လာမှာ စိုးလို့ ကျနော်တို့တွေက ဗမာ လူမျိုးတွေက အဖြစ်မှန်ကို ထုတ်ဖော် ရမယ်၊ ရင်ဆိုင် ရမယ်၊ ဗိုလ်ချုပ်မှူးကြီး တွေနဲ့ စစ်ခေါင်းဆောင်တွေက သိရမယ် ဆိုပြီး ကျနော့် စိတ်ဆန္ဒလဲ ဖြစ်ပေါ်လာတယ်။ ဖမ်းရင်မှ ဖမ်းပါစေလို့ ဒီလိုမှ မလုပ်ရင်လဲ ကျနော်တို့ ဘဝတွေက အသက်ရှင်လျက်နဲ့ သေနေတာပဲလေ။ အဲဒီတော့ အသက်ရှင်လျက်နဲ့တော့ အသေတော့ မခံနိုင်ဘူး အဲဒီတော့ ဒီဟာကို ထုတ်ဖော်ရမယ် ဆိုပြီး ဆန္ဒ ဖြစ်ပေါ်လာပြီး ရဲဝံ့စွာ လမ်းမကို ထွက်ပြီး ဆန္ဒပြ တောင်းဆို ခဲ့တာပါ။"

အခုလို ပြန်လွှတ် ပေးလိုက်ပေမဲ့ သူတို့ တောင်းဆို ထားတဲ့ ပြည်သူတရပ်လုံး လိုအပ်နေတဲ့ အရာတွေကို အာဏာပိုင်တွေက မလိုက်လျောဘူး ဆိုရင် ရည်ရွယ်ချက် ပြည့်တဲ့အထိ ဆက်လက် လုပ်ဆောင် သွားမယ်လို့လဲ ပြန်လွတ်လာ သူ (၇) ဦး စလုံးက ပြောပြ သွားကြပါတယ်။

(အစသို့)

---

## အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှ အမျိုးသမီးခေါင်းဆောင် တဦးဖြစ်သူ ဒေါ်ခင်မြင့်မြင့် ကွယ်လွန်

*၁၇ ၊ မတ် ၊ ၂၀၀၇*

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှ အမျိုးသမီး ခေါင်းဆောင် တဦးလဲဖြစ် နိုင်ငံရေး အကျဉ်းသားဟောင်း တဦးလဲဖြစ်တဲ့ ဒေါ်ခင်မြင့်မြင့် မနေ့က ကွယ်လွန်သွားကြောင်း သိရပါတယ်။

အသက် (၆၈) နှစ်အရွယ်ရှိ ဒေါ်ခင်မြင့်မြင့်ဟာ ဒီမိုကရေစီရေးအတွက် တက်ကြွစွာ လှုပ်ရှားနေသူဖြစ်ပြီး (၁၉၈၉) မှာတော့ ဒီလို လှုပ်ရှားမှုအတွက် ထောင်ဒဏ် (၅) နှစ် ချမှတ်ခံခဲ့ရပါတယ်။ ထောင်က ပြန်လွတ်လာပြီး နောက်ပိုင်းမှာတော့ အင်းစိန်မြို့နယ် အမျိုးသမီးနဲ့ ဗဟို အမျိုးသမီး အဖွဲ့တွေမှာ တာဝန်ယူလာတာ အခု ကွယ်လွန်ချိန်အထိ ဖြစ်တယ်လို့ အဖွဲ့ချုပ်က ပြောပါတယ်။

ဒေါ်ခင်မြင့်မြင့်ရဲ့ စျာပန အခမ်းအနားကို မနက်ဖြန် တနင်္ဂနွေမှာ ကျင်းပဖို့ ပြင်ဆင်ထားပြီး လိုက်ပါပို့ဆောင်လိုသူ အားလုံး အဖွဲ့ချုပ် ဗဟိုရုံးဆီ မနက် (၉) နာရီ အရောက်လာကြဖို့ သူတို့ပါတီက နှိုးဆော်ထားကြောင်း ပါတီပြောခွင့်ရသူ တဦးက ဒီဗွီဘီကို ပြောကြားခဲ့ပါတယ်။

(အစသို့)

---

## လူထု ဆန္ဒပြပွဲနောက်ပိုင်း အာဏာပိုင်များ၏ ဖမ်းဆီးခေါ်ဆောင်ခြင်း ခံရသူများ ယခုအချိန်ထိ မလွတ်မြောက်သေး

*မတ် ၊ ၁၇ ၊ ၂၀၀၇*

မနေ့နေ့လည် (၂) နာရီဝန်းကျင်မှာ အာဏာပိုင်တွေရဲ့ ဖမ်းဆီးခေါ်ဆောင်ခြင်း ခံလိုက်ရသူ မြောက်ဥက္ကလာမှ ကိုစိုးမြင့်ထိန်ကို အခုချိန်ထိ ပြန်လွှတ်ပေးခြင်း မရှိသေးဘူးလို့ သိရပါတယ်။ သူ့ကို အောင်သပြေစခန်းမှာ စစ်ဆေးနေတယ်လို့ ယူဆရပြီး တနင်္လာနေ့လောက်မှာ ပြန်လွှတ်ပေးလိမ့်မယ်လို့ သူတို့ဘက်က မျှော်လင့်ထားကြောင်း သူ့ရဲ့ မိသားစုဝင်တွေက ဒီဗွီဘီကိုပြောကြားခဲ့ပါတယ်။ ကိုစိုးမြင့်ထိန်ဟာ ဆန္ဒပြခေါင်းဆောင် ကိုထင်ကျော်နဲ့ ရင်းနှီးသလိုပဲ ညီအရင်း ကိုသိန်းအောင်မြင့် ကိုယ်တိုင်ဒီဆန္ဒပြပွဲမှာ ပါဝင်ခဲ့ပေမဲ့ သူကိုယ်တိုင်ကတော့ ဘာမှပါဝင်ပတ်သက်ခြင်း မရှိဘူးလို့ သူမိသားစုက ပြောပါတယ်။

စိုးမြင့်ထိန်နဲ့ တဆက်တည်း အခြားဖမ်းဆီးခံနေရသူတွေရဲ့ သတင်းကို ဆက်ပြောရမယ် ဆိုရင်တော့ အမေရိကန်စင်တာမှာ ပညာသင်ယူပြီး အမေရိကန် ပြည်ထောင်စုဆီအသွား လေယဉ်ကွင်းမှာ ဖမ်းဆီးခံရတဲ့ စက်မှုတက္ကသိုလ် ကျောင်းသားဟောင်း ကိုသွင်လင်းအောင်နဲ့ စစ်အစိုးရ သတင်းစာတွေကို ခြံစည်းရိုးမှာကပ်ပြီး ဆန္ဒပြခဲ့သူ ဦးသိန်းဇံတို့လဲ အခုချိန်ထိ ပြန်လွတ်ပေးခြင်း မရှိသေးဘူးလို့ သိရပါတယ်။
ဒီအတောတွင်း ဒီကနေ့ ထူးထူးခြားခြား ရရှိတဲ့ သတင်းတပုဒ်ကတော့ ဒီဆန္ဒပြပွဲကို ဦးဆောင်ခဲ့တဲ့ ကိုထင်ကျော်ကို ရဟန်းဝတ်ခွင့် မပြုနိုင်ဘူးလို့ ရပ်ကွက်အာဏာပိုင်တွေနဲ့ ရပ်ကွက် သံဃာအဖွဲ့ တွေက ပိတ်ပင်လိုက်ကြောင်း သိရပါတယ်။ မနက်ဖြန် ရဟန်းဝတ်ဖို့ အားလုံး အဆင်သင့် ပြင်ထားပြီးဖြစ်တဲ့ ကိုထင်ကျော်ကို ကိုရင်ဝတ်ပြီး သီလာခံယူနေစဉ် အခုလို လာရောက်တားဆီးတာ ဖြစ်တယ်လို့ ကိုထင်ကျော် ကိုယ်တိုင်က အခုလိုပြောပြထားပါတယ်။

"မနက်က ကျနော် ပဉ္စင်းခံဖို့ ပဉ္စင်းဒကာ ပေါ်တယ်ပေါ့။ ပဉ္စင်းဒကာက ဘယ်သူလဲဆိုတော့ ဦးကျောက်ခဲ ဒေါ်မြင့်ပေါ့။ ကိုတင်မင်းနိုင်ရဲ့ အဖေနဲ့ အမေက ကျနော်ကို ပဉ္စင်းခံပေးမယ်ဆိုပြီး သူတို့လက်စွပ်ကလေး တသိန်းနဲ့ပေါင်ပြီးတော့ ကျနော်ကို ပဉ္စင်းခံဖို့အတွက် သင်္ကန်ပရိက္ခရာ အားလုံး ဝယ်လိုက်တယ်။ ညနေ (၄) နာရီခွဲမှာ မေတ္တာသုခကျောင်း ဦးဝိစက္ကဏဆိုတဲ့ ကျောင်းမှာကျနော် ဆံချတယ်။ ဆံချပြီးတော့ ကိုရင်စီးနေတဲ့ အချိန်မှာ ဦးဝိစက္ကဏကျောင်းကို ဖုန်းဝင်လာတော့ တရားနာရင်း ရပ်ဆိုင်းပြီးတော့ ဘုန်းကြီးက ထသွားတယ်။ (၁၅) မိနစ်လောက်နေတော့ ပြန်လာပြီးတော့ ဒကာကြီးတဲ့ ခင်ဗျား ကိုရင် မဖြစ်တော့ဘူးတဲ့ သင်္ကန်းချွတ်လိုက်ပါလို့ ပြောတယ်။ အရှင်ဘုရား ဘာဖြစ်လို့လဲ မေးတဲ့အခါကျတော့ ရပ်ကွက်သံဃာနာယက အတွင်းရေးမှူး ဥက္ကံကျောင်းက ဆရာတော် ဦးအာသဖ ကနေပြီးတော့ ဒကာကို ပဉ္စင်းဝတ်ခွင့် မပြုနိုင်ဘူး ဆိုပြီးတော့ အဲဒီလိုပြောတယ်။ အဲဒါနဲ့ ကျနော် သင်္ကန်း ချွတ်လိုက်တယ်ပေါ့။ ကိုရင်ဘဝလဲ မဖြစ်တော့ဘူး။ အဲဒါနဲ့ ဥက္ကံကျောင်းက ဦးဝါယမကျောင်း အတွင်းရေးမှူးကျောင်းကို သွားမေးတယ်။ အရှင်ဘုရားလို့ တပည့်တော် ဗုဒ္ဓဘာသာ အစစ်ပါလို့ ဘာဖြစ်လို့ ဘုန်းကြီးဝတ်ခွင့် မရှိတာလဲဆိုတော့ (၂) ရပ်ကွက်က ရပ်ကွက်အဖွဲ့အစည်းက လူနှစ်ယောက်က လာတားလို့ အဲဒီအတွက် ဒကာကို ဘုန်းကြီး ဝတ်ပေးခွင့် မရှိဘူးတဲ့။ အခုတော့ ကတုံးအဖတ်တင်နေတာပေါ့။ ပဉ္စင်း ဒကာ ဒကာမတွေကလဲ ဝယ်ခြမ်း ချက်ပေးဖို့နဲ့ မနက်လဲ ပရိသတ်တွေကိုလဲ ဖိတ်ထားတယ်။"

ရဟန်းဝတ်ဖို့ ပြင်နေစဉ် အာဏာပိုင်တွေက တားမြစ်လိုက်တဲ့အတွက် ကတုံးတုန်းပြီးမှ ရဟန်းလဲမဖြစ် ကိုရင်လဲမဖြစ် ကသိကအောင့် ဖြစ်နေရတဲ့ ကိုထင်ကျော်ရဲ့ အခြေအနေ ဖြစ်ပါတယ်။

(အစသို့)

---

## ပြည်မှ လူ့အခွင့်အရေး လှုပ်ရှားသူ နှစ်ဦး ဖမ်းဆီးခြင်းခံရ

*၂၀ ၊ မတ် ၊ ၂၀၀၇*

ပြည်မြို့မှာ လူ့အခွင့်အရေး ကာကွယ်ဆောင်ရွက်နေသူ နှစ်ဦးကို နယ်မြေခံ အာဏာပိုင်တွေက ဒီကနေ့ မနက်ပိုင်းက နေအိမ်တွေကနေ ခေါ်ဆောင်သွားတယ်လို့ ဒေသခံတွေရဲ့ အပြောအရ သိရပါတယ်။

လူ့အခွင့်အရေး လှုပ်ရှားသူ နှစ်ဦးဖြစ်တဲ့ ပြည်မြို့နေ ကိုကျော်ကျော်ဦးနဲ့ ကိုကျော်ဆွေတို့ နှစ်ဦးကို ဒီကနေ့ မနက်မှာ အာဏာပိုင်တွေက လာရောက် ခေါ်ဆောင်သွားတယ်လို့ မိသားစုဝင်တွေ အပြောအရ သိရပါတယ်။

ပြီးခဲ့တဲ့ စနေနေ့က လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေး လုပ်ဆောင်နေတဲ့ ဦးမြင့်အေးတို့အဖွဲ့ ပြည်မြို့မှာ လူ့အခွင့်အရေး ဆွေးနွေးပွဲတွေ လုပ်ဆောင်ခဲ့ပါတယ်။ အခု ခေါ်ဆောင်သွားမှုဟာ ဒီဆွေးနွေးပွဲတွေနဲ့ ဆက်စပ်နိုင်တယ်လို့ မြို့ခံတွေက သုံးသပ်နေပါတယ်။ ဒါကြောင့် အခုလို လူ့အခွင့်အရေး လှုပ်ရှားသူ ပြည်မြို့ခံနှစ်ဦးကို အာဏာပိုင်တွေက ဖမ်းဆီး ခေါ်ဆောင်သွားတဲ့အပေါ် ဘယ်လို နားလည် သိရှိထားပါသလဲလို့ လူ့ခွင့်အရေး ကာကွယ်မြှင့်တင်ရေးသမား ဦးမြင့်အေးကို မေးကြည့်ရာ အခုလို ပြောပြပါတယ်။

"ဖြစ်စဉ်ကတော့ မနက်က ပြည်ဈေးထဲမှာ ကိုကျော်ကျော်ဦးတဲ့၊ သူလဲ လူ့အခွင့်အရေး လုပ်နေတာကိုး။ သူက လူ့အခွင့်အရေး ကြေညာစာတမ်းလေးတွေကို ဝေငှနေတယ်။ အဲဒါကို အမှတ် (၂) ရဲစခန်းက သူ့ကို ခေါ်သွားပါတယ်။ နေ့လည် (၁) နာရီ (၂၀) မှာ ကိုကျော်ကျော်ဆွေ၊ သူလဲ လူ့အခွင့်အရေး လုပ်နေတဲ့သူပါ။ သူ့ကိုလဲ သူ့မိသားစုနဲ့ ထမင်း စားနေတုန်းမှာပဲ ခေါ်သွားပါတယ်။ အရပ်ဝတ်နဲ့ (၅) ယောက်လို့ ပြောပါတယ်။ (၂) ရဲစခန်းကလို့ ပြောပါတယ်။ (၂) နာရီလောက် အချိန်မှာတော့ HRDB က လိုက်သွားတယ်။ လိုက်သွားပြီး တွေ့ခွင့်တောင်းတယ်၊ မပေးပါဘူး။ စစ်ဆေးဆဲပါလို့ ပြန်ဖြေပါတယ်။ အခုထိတော့ နောက်ထပ် ဘာသတင်းမှ မရသေးပါဘူး။"

ကိုကျော်ကျော်ဦးတို့ နှစ်ဦးကို ခေါ်ဆောင်သွားတဲ့ ပြည်မြို့အမှတ် (၂) ရဲစခန်းကို ဆက်သွယ် မေးမြန်းခဲ့ရာမှာတော့ တာဝန်ကျ ရဲအရာရှိ တဦးက အခုလို ဖြေဆိုပါတယ်။

"ကျနော်တို့ စခန်းက ခေါ်စစ်တာ မဟုတ်ပါဘူး။ မြို့နယ်က ခေါ်စစ်တာပါ။"

ဒီဗွီဘီ ။ ။ ကျမတို့ ကြားတာ အမှတ် (၂) ရဲစခန်းမှာ ချုပ်ထားတယ် ဆိုလို့ပါ။

"မချုပ်ပါဘူး။"

ဒီဗွီဘီ ။ ။ အဲဒါဆိုရင် ဘယ်မှာ ချုပ်ထားတာလဲ။ ကိုကျော်ကျော်ဦးနဲ့ ကိုကျော်ဆွေကလေ။

"မြို့နယ်ရုံးက ခေါ်စစ်တယ်။ ကျနော်တို့ စခန်းမှာ မရှိပါဘူး။"

ဒီဗွီဘီ ။ ။ အဲဒါဆိုရင် စခန်းမှာ မဟုတ်ဘူးပေါ့။ မြို့နယ်ရုံးမှာ ဖမ်းထားတာပေါ့။

"ဖမ်းတဲ့ သဘောမျိုး မဟုတ်ပါဘူး။"

ရဲစခန်းမှာ မရှိဘဲ မြို့နယ်ရုံးမှာ ထားတယ်ဆိုတဲ့အတွက် မြို့နယ်ရုံးကို ဆက်သွယ် မေးကြည့်ရာမှာတော့ ဖုန်းအဆက်အသွယ် မရခဲ့ပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူ ကိုကျော်ကျော်ဦးတို့ နှစ်ဦးကို အခုလို ခေါ်ဆောင်သွားတယ် ဆိုတာကိုက လူ့အခွင့်အရေးချိုး ဖောက်ခံရတာပဲ ဖြစ်တယ်လို့ ဦးမြင့်အေးက အခုလို ပြတ်ပြတ်သားသား ဝေဖန်ပြောပြသွားခဲ့ပါတယ်။

"အဲဒါ လူ့အခွင့်အရေးကို မလိုလားတဲ့ သဘောကို ပြတာပေါ့။ အဲဒီလို လုပ်ခြင်းအားဖြင့် မြန်မာပြည် လူ့အခွင့်အရေး မြှင့်တင်လာမှုကို အနှောင့်အယှက် ပြုတယ်၊ အဟန့်အတား ပြုတယ်လို့ ကျနော်တို့ ပြောမှာပဲ။ ဒီစာအုပ်တွေက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းဆိုတာ ပေါ်ပေါ်ထင်ထင် ရေးထားတာပဲ။ ကုလသမဂ္ဂရဲ့ တံဆိပ်ကြီး တခုလုံးကို ရေးထားတာပဲ။ ဒီစာအုပ်ကို ဖြန့်ဝေလို့ ဒီစာအုပ်ကြောင့် အဖမ်းခံရတယ် ဆိုရင်တော့၊ အဲဒါ ကိုကျော်ကျော်ဦးတို့၊ ကိုကျော်ဆွေတို့တင် မကပါဘူး၊ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ ညီလာခံ တခုလုံးမှာ တာဝန် ရှိပါတယ်။ သူတို့ပါ ဖမ်းပေါ့။ ကျနော်တို့လဲ ဖမ်းပေါ့။ HRDB တွေ အားလုံးကို ဖမ်းပေါ့။ ကျနော်တို့ အဖမ်းခံဖို့ စာရင်းပေးမယ်။ အဲဒီလို ပြောချင်တယ်။"

(အစသို့)

---

## အရပ်သားတဦး သေဆုံးမှု သက်သေထွက်ဆိုမည့်သူကို ကြံ့ဖွံ့များက လိုက်လံဖမ်းဆီး

*၂၁ ၊ မတ် ၊ ၂၀၀၇*

အာဏာပိုင်များ၏ ခေါ်ဆောင်ခြင်းကို ခံခဲ့ရပြီး ရယကရုံးတွင် သေဆုံးခဲ့သည့် မြောက်ဥက္ကလာပ (၂) ရပ်ကွက်နေ ကိုနိုင်ဦး (ခေါ်) ကိုရဲနိုင်ဦးကို ယနေ့ မနက်တွင် မီးသင်္ဂြိုဟ် လိုက်ပြီဟု သိရပါသည်။ သို့ပေမဲ့ ကြံ့ဖွံ့ အာဏာပိုင်များမှ ကိုနိုင်ဦး၏အမှုကို သက်သေထွက်ပေမည့် ဒေသခံနှစ်ယောက်ကို လိုက်လံဖမ်းဆီးနေကြောင်း သိရပါသည်။ ကိုနိုင်ဦးရဲ့ စျာပနကို ယနေ့ နေလည် (၂)

နာရီတွင် ကျင်းပရန် မိဘဖြစ်သူများအတွက် စီစဉ်ခဲ့ ခြင်းပါ။ သို့ပေမဲ့ လူသတ်မှု ကျူးလွန်ခဲ့သူများဟု ယူဆရသည့် ကြံ့ဖွံ့ အဖွဲ့ဝင်များနှင့် ရပ်ကွက်အာဏာပိုင်များမှ ကိုနိုင်ဦး ယောက္ခ၊ ဆွေမျိုးများအတင်းဖိအားပေးပြီး၊ ယနေ့ မနက်ပိုင်းတွင် မီးသင်္ဂြိုဟ်ခိုင်းခဲ့သည်ဟု သိရပါသည်။ ယခုလို မီးသင်္ဂြိုဟ်ခဲ့ခြင်းနှင့်ပတ်သက်ပြီး ကိုနိုင်ဦး၏ မိဘတွေကို အသိမပေးဘဲ လုပ်ခဲ့သည်ဟု ကိုနိုင်ဦး ရဲ့မိခင် ဒေါ်စန်းရီမှ ယခုလို ပြောပြပါသည်။

"မိခင်တယောက်အနေနဲ့ မသင်္ဂြိုဟ်လိုက်ရဘူးလေ၊ ကြံ့ခိုင်ရေးအသင်း ကနေပြီးတော့ လာရောက်ပြီးတော့ စောစီးစွာ သင်္ဂြိုဟ်ချင်ပါတယ်ဆိုတော့ အဲဒါကြောင့်မို့ ကျမမှာ ခံစားနေရ ပါတယ်။ ကျမရင်ထဲမှာ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျမ ကြေကွဲဝမ်းနည်းစွာနဲ့ ခံစားနေရလို့ ကျမဘာမှ လဲ မပြောတတ်တော့ပါဘူး။"

ညီဖြစ်သည့် ကိုမင်းဆန်းမှ ကိုနိုင်ဦး၏အမှုမှန် ပေါ်ပေါက်မှာစိုး၍ လူသတ်မှု ကျူးလွန်ခဲသည့် အာဏာပိုင်များမှ အလောင်းကို ဖျောက်ဖျက်သည်ဟု ယခုလို ပြောဆိုလိုက်ပါသည်။

"ကျနော် ဆေးရုံမှာ နိဗ္ဗာန်ယာဉ် ငှားထားတယ်ဗျာ၊ အလောင်းဖိုးအတွက် စရန်ငွေတွေ ပေးထား တယ်။ ဘောက်ချာဖြတ်ပိုင်းတွေ ကျနော်တို့မှာ မူရင်းတွေ ရှိတယ်။ ကျနော်တို့ ဒီရပ်ကွက်ထဲမှာ လိုက်ပို့မဲ့ ဧည့်သည်တွေအတွက် ကားတွေငှားတာ စရန်ငွေအတွက် ကျနော်တို့ အကုန် ဆုံးရှုံး သွားပြီ၊ ကျနော် သိရသလောက်ပေ့ါနော် သူတို့ အဖွဲ့အစည်းတွေရယ်၊ ရပ်ကွက်ထဲက တယောက် နှစ်ယောက်ပဲပါတယ်။ အကုန်လုံး ကြံ့ခိုင်ရေး ဝတ်စုံတွေနဲ့ သွားသင်္ဂြိုဟ်တယ်။ နောက်ပြီးတော့ သူတို့ကို ကျနော် သိရသလောက်ကတော့ သေဆုံးသူ ရဲနိုင်ဦးရဲ့ မိန်းမရယ်၊ မိဘတွေရယ်ကို ကြံ့ခိုင်ရေး အဖွဲ့အစည်းက ပိုက်ဆံ (၄) သိန်း ပေးတယ်၊ ရပ်ကွက်ရဲ့ သတင်းကြားရတယ်။ သူတို့ရဲ့ အဖြစ်မှန် ကျနော့်အကိုကို ရိုက်သတ်တယ်ဆိုတဲ့ အဖြစ်မှန် ပေါ်မှာစိုးလို့ ဖုံးဖိတဲ့ သဘောနဲ့ အလောင်းကို ဖျောက်ဖျက်တယ်လို့ ကျနော်ထင်တယ်၊ ယူဆတယ်၊ တကယ်လဲ လုပ်တာပါပဲ၊ ဘာထူးလဲ။"

တဆက်မှာပင် ကိုနိုင်ဦး၏ အမှုကို အမှန်အတိုင်း သက်သေထွက်ဆိုပေးမည့် မြောက်ဥက္ကလာပ (၂) ရပ်ကွက်နေ ကိုကျော်ကျော်နှင့် ကိုဇော်ဝင်းတို့အား အာဏာပိုင်များမှ လိုက်လံဖမ်းဆီးရန် ကြိုးစားခြေင်းကြောင့် ရှောင်ပြေးနေရကြောင်းလည်း ကိုမင်းဆန်းမှ ယခုလို ပြောပြပါသည်။

"အခုဗျာ ကျနော့်အကို အမှုကို သက်သေခံပေးမဲ့ ကျော်ကျော်တို့ ကိုဇော်ဝင်းတို့ကို ဖမ်းဖို့ သူတို့ လိုက်လုပ်နေကြတယ်။ သူတို့ ဒီည ဖမ်းဖို့ပေ့ါ၊ ကိုကျော်ကျော် ဆိုလို့ရှိရင် ကိုနိုင်ဦးနဲ့ ညကတည်းက အချုပ်ထဲမှာ အတူနေခဲ့ရတဲ့သူ၊ အဓိက ကတေသေပေ့ါနော်။ သူက အဲလိုတွေ ကျနော့်အကိုကို သက်သေခံပေးမဲ့လူတွေ ရှောင်ပြေးနေရတယ်။ ရဲတောင် မပါဘူးခင်ဗျ။ အဲဒီ ကြံ့ခိုင် ရေးက လိုက်လုပ်နေတာ ကျနော့်အကိုကို သက်သေခံပေးမဲ့ သက်သေတွေကို သူတို့ မဖမ်းဆီးဘို့ အတွက်ကိုပဲ ကျနော် ပြောချင်တယ်။ သူတို့ကို ဖမ်းထားလိုက်ရင် အမှုက ပျောက်သွားပြီလေ၊ သက်သေခံမဲ့သူ မရှိတော့ဖြစ်သွားမယ် ကျနော့်အကိုအမှုမှာ။"

ဘယ်လိုပဲ ပိတ်ပင်တားဆီးမှုများရှိရှိ အကိုဖြစ်သူ သေဆုံးခဲ့ရခြင်းကို အမှုမှန် ပေါ်ပေါက် ရန် နအဖ ဥက္ကဌနှင့် ထိပ်ပိုင်း ဗိုလ်ချုပ်များထံ မိသားစုဝင်တွေကိုယ်တိုင် သွားရောက် တိုင်တန်း သွားမယ်ဖြစ်ကြောင်းလည်း ကိုမင်းဆန်းမှ ပြောပြသွားခဲ့ပါသည်။

**(အစသို့)**

---

## လှည်းတန်းဈေးရှေ့ တကိုယ်တော် ဆန္ဒပြခဲ့သူ ကိုထင်ကျော် အာဏာပိုင်များမှ ဖမ်းဆီး

*၂၂ ၊ မတ် ၊ ၂၀၀၇*

ရန်ကုန်တိုင်း ကမာရွက် လှည်းတန်းဈေးရှေ့တွင် ယနေ့ မနက်ပိုင်းတွင် တကိုယ်တော် ဆန္ဒပြခဲ့သည့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး လိုလားသူ ကိုထင်ကျော်ကို အာဏာပိုင်များ ခေါ်ဆောင်သွားကြောင်းလည်း သိရပါသည်။ သိမ်ကြီးဈေးရှေ့တွင် ကုန်ဈေးနှုန်း ကျဆင်းရေး ပြည်သူသဘောထား ထုတ်ဖော် ပြသခဲ့သည် ကိုထင်ကျော်သည် ပြီးခဲ့သည် စနေနေ့ မြောက်ဥက္ကလာပ (၂) ရပ်ကွက်မှ မေတ္တာသုခ ဘုန်းတော်ကြီးကျောင်းတွင် ရဟန်းဝတ်ရန် စီစဉ်ခဲ့ပါသည်။ ၎င်းအပေါ် အာဏာပိုင်များဘက်မှ ပိတ်ပင်တားဆီးခဲ့ကြောင်း ဘာသာရေးလွတ်လပ်ခွင့် မရှိတော့ဘူးလား ဆိုပြီး ယခုလို တကိုယ်တော် ဆန္ဒပြခဲ့ခြင်း ဖြစ်ကြောင်းလည်း့ မြန်မာနိုင်ငံဖွံ့ဖြိုး တိုးတက်ရေး ကော်မတီဝင်များမှ ယခုလို ပြောပြခဲ့ပါသည်။

“(၉) နာရီတိတိ လှည်းလမ်းဈေးရှေ့မှာ လှည်းတန်းဈေးရှေ့မှာ ကိုထင်ကျော်က သူ ဘုန်းကြီး မဝတ်ရတဲ့ ကိစ္စအတွက် မြန်မာတနိုင်ငံလုံးမှာရှိတဲ့ ဗုဒ္ဓ အားလုံးကို သူ ဘုန်းကြီးမဝတ်ရတဲ့ အကြောင်း သူကြွေးကြော်သွားပါတယ်။ မြန်မာပြည်မှာ ဘာသာရေး လွတ်လပ်ခွင့် မရှိဘူးဆိုတာကို ရဟန်းသံဃာတွေ၊ ဗုဒ္ဓ အားလုံးမြင်သာအောင် ထုတ်ဖော် တင်ပြသွားတာကို ကျနော်တို့ ကြားသိရပါတယ်။ နောက် သူကိုယ်တိုင် သပိတ်ကို မှောက်ထားပါတယ်။ သပိတ်မှောက်ပြီး လှည်းတန်းဈေး တလျှောက်မှာ တယောက်ထဲ ငြိမ်းချမ်းစွာ ဆန္ဒပြု တောင်းဆိုသွားတယ်လို့ ကြားသိရပါတယ်။ ဘာ လားတော့ မသိဘူး၊ ရဲယူနီဖောင်းတွေနဲ့ (၅) ယောက် လောက်ရှိတယ်၊ သူ့ကို ခေါ်သွားတယ်။”

“(၁၇) ရက်နေ့က ကြံ့ခိုင်ရေးနဲ့ ရယကက လာတားဆီးလို့ သင်္ကန်း ချွတ်လိုက်ရတယ်ဆိုတဲ့ အကြောင်းကို ကျောမှာ စာရေးထားတယ်။ သင်္ကန်းကိုတော့ စလွယ်သိုင်းထားတယ်၊ သပိတ်ကိုတော့ မှောက်ထားတယ်။ (၁၇) ရက်နေ့က သင်္ကန်းချွတ်ခံရတဲ့ ကိစ္စကိုလဲ ပါးစပ်ကနေလဲ ရှင်းပြတယ်။ ဘာသာရေး ဖိနှိပ်မှု၊ ချုပ်ချယ်မှု ရှိတယ်ဆိုတဲ့ အကြောင်းပေါ့။”

ယခုလို ဘာသာရေးမှာတောင် ဝင်ရောက်စွက်ဖက်နေကြောင်း တကိုယ်တော် ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒပြခဲ့သည့် ကိုထင်ကျော်ကို ဘယ်သူ ဘယ်အဖွဲ့အစည်းမှ ဖမ်းဆီးသွားသည်ဆိုသည်ကို သိနိုင်ရန် ကမာရွတ်မြို့နယ် မယကနှင့် ရဲစခန်းကို ဆက်သွယ် မေးမြန်းခဲ့ရာတွင်၄င်းတို့မှ ဘာမျှမသိရဟု ပြန်လည် ဖြေကြားခဲ့ပါသည်။ မြို့နယ်ကြံ့ဖွံ့ရုံးကို ဆက်သွယ်မေးရာတွင်လည်း ၄င်းတို့ ဘာမှမသိကြောင်း ပြောပါသည်။ ထို့ကြောင့် သက်ဆိုင်ရာ မြို့နယ် ရဲအထူးတပ်ဖွဲ့နှင့်အောင်သပြေ စစ်ကြောရေးစခန်းများအား မေးကြည့်ရာတွင် တစုံတရာရှင်းပြရန် ငြင်းဆိုခဲ့ပါသည်။ ကိုထင်ကျော်သည် ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၂၂) ရက်နေ့တွင် သိမ်ကြီးဈေးရှေ့ ပြည်သူ့ဆန္ဒ ဖော်ထုတ်မှုမှာတွင်လည်း ပါဝင်ခဲ့ပြီး ဖမ်းဆီးခံခဲ့ရသည်မှာ ဒီတခါနဲ့ယခုဆိုလျှင်(၄) ကြိမ်မြောက် ရှိပြီဖြစ်ပါသည်။ ယခုလို တကိုယ်တော် ငြိမ်းချမ်းစွာ ဆန္ဒသဘောထား ထုတ်ဖော်ခဲ့သည့် ကိုထင်ကျော်အား ထပ်မံ ဖမ်းဆီးခံခဲ့ရခြင်းနဲ့ ပတ်သက်၍ ရန်ကုန်တိုင်း တရားရုံးချုပ် ရှေ့နေကြီး ဦးအောင်သိန်းမှ ယခုလို ဝေဖန်ထောက်ပြသွားပါသည်။

“သူ့ကို ရက်ပေါင်း (၅၀) အတွင်း ဆန္ဒမပြရဘူး ပြောထားတာ။ မပြပါဘူးဆိုပြီး သူခံဝန်ထားတာကို အခု ထပ်ပြတယ်ဆိုတဲ့ သဘောနဲ့ ဆွဲတာလား၊ ဘယ်လို အတိုင်းအတာလဲဆိုတာ မသေချာဘူး။ သို့သော်လဲပဲ သူ့ကို ရဟန်းခံခွင့် မပြုဘဲ တားမြစ်တာကတော့ ထေရဝါဒ သာသနာကို လက်ခံကျင့်သုံးတဲ့ နိုင်ငံအနေနဲ့တော့ ဒါမဖြစ်ကောင်းတဲ့ အရာလို့တော့ အန်ကယ်တို့ကတော့ မြင်တယ်။ ဒါဥပဒေကြောင်းအရ သက်သက်ပြောတာထက် ကိုးကွယ်တဲ့ ဘာသာအနေနဲ့ ပြောရရင်တော့ မဖြစ်ကောင်းတဲ့ အရာပေါ့။ ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်ကို လာခိုတဲ့လူဆိုရင် ပြစ်မှုရှိနေတောင်မှ မြန်မာမင်းများ လက်ထက်က ကင်းလွတ်ခွင့်ပေးတာတို့၊ စောင့်ဆိုင်းပေးတာတို့ အဲဒီလိုတောင် ရှိဖူးပါတယ်။”

ယခု သတင်းလွှင့်နေချိန်အထိ ကိုထင်ကျော်ကို ပြန်လွှတ်ပေးခြင်း မရှိသေးကြောင်းသိရှိရပါသည်၊

**(အစသို့)**

## လှည်းတန်းဈေးရှေ့၌ ကိုယ်တော်ဆန္ဒပြခဲ့သူ ကိုထင်ကျော် ပြန်လည်လွှတ်မြောက်

*၂၉ ၊ မတ် ၊ ၂၀၀၇*

ဘာသာရေး လွတ်လပ်ခွင့်အတွက် ဆန္ဒပြမှုနှင့် မနေ့မှ အဖမ်းခံလိုက်ရသူ ကိုထင်ကျော် ယနေ့ ညနေ (၅) နာရီ ဝန်းကျင်မှ ပြန်လည် လွတ်မြောက်လာပြီ ဖြစ်ကြောင်း သိရပါသည်။ ရဟန်းဝတ်ခွင့် ပိတ်ပင်တာကို မကျေနပ်၍ မနေ့ မနက်ပိုင်း တွင် လှည်းတန်းဈေးရှေ့တွင် ဆန္ဒပြနေစဉ် အဖမ်းခံရခြင်းဖြစ်ပြီး၊ အောင်သပြေ စစ်ကြောရေး စခန်းမှ ပြန်လွှတ်ပေးလိုက်ခြင်း ဖြစ်သည်ဟု ကိုထင်ကျော်မှ ပြောပါသည်။ ယခု ဒီဗွီဘီမှ ကိုထင်ကျော်နှင့် ဆက်သွယ်မေးမြန်း ထားပါသည်။

“မင်္ဂလာပါ၊ ကျနော် ထင်ကျော်ပါ။”

ဒီဗွီဘီ ။ ။ အခုမှ ကြားတာ ပြန်လွှတ်လာတယ်လို့။ “ဟုတ်ပါတယ်။ (၄) နာရီခွဲ ပတ်ဝန်းကျင်လောက်မှာပဲ ရောက်ပါတယ်။”

ဒီဗွီဘီ ။ ။ နည်းနည်းလောက် ပြောပြပါအုံး။ ဆန္ဒပြတယ် ကြားတယ် ဟို့နေ့ကပြောတဲ့ သင်္ကန်းဝတ်တာကို တားလို့လေ။ “သင်္ကန်းစည်းစဉ်တုန်းက တားတဲ့အပိုင်းတော့ ခင်ဗျားတို့ သိပြီးမှာပါ။”

ဒီဗွီဘီ ။ ။ ဟုတ်ကဲ့။ အဲဒီနေ့က သင်္ကန်းစည်းတုန်း တားလိုက်တာ ကိုရင်လဲ မဖြစ်ဘဲနဲ့ ပြောပြီးပါပြီ။ အဲဒီနောက်ပိုင်း ဘယ်လို ဆက်ဖြစ်တာလဲ။ “ကျနော် (၅) ရက်လောက်စောင့်တယ်။ ဘာမှ ထူးခြားမလာဘူး။ ဘာသာရေး လွတ်လပ်ခွင့်နဲ့ ပတ်သက်ပြီးတော့ ဘာသာရေး ဖိနှိပ်မှု မရှိပါဘူးဆိုတာကို ကျနော်တို့က ဒါကို မေးခွန်းထုတ်စရာတွေ ဖြစ်လာတယ်။ အဲဒီတော့

မနေ့ မနက် (၉) နာရီမှာ လှည်းတန်းလမ်းစုံ ဈေးရှေ့မှာ ဒုလ္လဘ ရဟန်းခံ တွေ့တယ်။ အဲဒီ ရဟန်းခံတွေ့တဲ့ အခါကျတော့ ကျနော်ဟာ ရဟန်းခံခွင့် တားဆီးပိတ်ပင်ခံရသူ ဖြစ်ကြောင်းကို အဲဒီ ပြည်သူတွေရှေ့မှာ ကျနော် ချပြလိုက်တယ်။”

ဒီဗွီဘီ ။ ။ မနက် (၉) နာရီမှာပေါ့နော်။ “ဟုတ်ပါတယ်။ ကျနော်က သပိတ်ကို မှောက်ထားတယ်။ သပိတ်မှောက်ပြီး လက်က ကိုင်ထားတယ်။ သင်းပိုင်သင်္ကန်းကို ဂုတ်မှာချိတ်ထားတယ်၊ ခါးပန်းကြိုးကို နဖူးမှာ စီးထားတယ်၊ (၂၂) ရက်နေ့က ဆန္ဒပြတဲ့ ဝတ်စုံပဲ ကျနော် ဝတ်ထားတယ်။ နောက်ကျောမှာတော့ ပိုစတာ ကပ်ထားတယ်။ ပိုစတာကတော့ (၁၇၊ ၃၊ ၂၀၀၇) နေ့တွင် ဘုန်းကြီးဝတ်ခွင့် တားဆီးခံရသော ထင်ကျော် (ခေါ်) ကျော်ထင်၊ အောက်ကနေ လွတ်လပ်စွာ ကိုးကွယ်ခွင့် ပေးပါ။ အဲဒီလို ရေးထားတယ်။ လှည်းတန်းဈေးရှေ့မှာ မီးပွိုင့် မရောက်သေးဘူး။ ပတ်ဝန်းကျင်ကတော့ လူအုပ်ကြီးက ဘေးဝဲယာမှာ ရှိနေတာပေါ့။ သူတို့လဲ ဘာသာရေး လွတ်လပ်ခွင့် တောင်းဆိုတယ်ဆိုတော့ သူတို့လဲ တခါမှ မတွေ့ဘူးတော့ တော်တော်လေး အားပေးကြပါတယ်။ (၉) နာရီ (၁၅) လောက်မှာ ကမာရွတ်စခန်းက ရဲတပ်ဖွဲ့ဝင်တွေရော၊ မီးသတ်တပ်ဖွဲ့တွေနဲ့ ကျနော့်ကို လာပြီးတော့ ထိန်းသိမ်းပါတယ်။ ဆိုက်ကားနဲ့ ကျနော့်ကို ရဲစခန်းကို ခေါ်သွားပါတယ်။ (၁၅) မိနစ်လောက် စခန်းမှာနေပြီးတော့ သက်ဆိုင်ရာ ဘာ ကို ကျနော့်ကို လွှဲလိုက်ပါတယ်။”

ဒီဗွီဘီ ။ ။ မနေ့က အဲဒီလို လွှဲလိုက်တော့ နောက်ဆုံးတော့ ဘယ်လို ခေါ်သွားတာလဲ၊ အောင်သပြေပဲလား။ “ဟုတ်ပါတယ်။ အောင်သပြေပါပဲ။ အောင်သပြေက (၃) ခေါက်၊ ပြည်ထဲရေးက (၁) ခေါက်။ သူတို့ကတော့ ဆက်ဆံရေး ကောင်းပါတယ်။ မနေ့က တင်ပြချက်တွေ အားလုံးကလဲ မေးခွန်းထုတ်စရာ မရှိအောင် ကျနော် ပြည့်ပြည့်စုံစုံ ပြောပြပါတယ်။ သူတို့ ဘာမှ မေးခွန်းထုတ်စရာ မရှိဘဲနဲ့ သက်ဆိုင်ရာကို သတင်းပို့ပြီးတော့မှ ဒီနေ့ နေ့လည်မှာ ကျနော့်ကို ပြန်လွှတ်ပေးလိုက်ပါတယ်။ သူတို့ ကိုယ်တိုင်ပဲ အိမ်တိုင်ယာရောက် လိုက်ပို့ပေးပါတယ်။”

ဒီဗွီဘီ ။ ။ ကိုထင်ကျော် ပထမတခေါက် လွတ်လာတုန်းက ပြောတဲ့အထဲမှာ ရက် (၅၀) အတွင်း ဆန္ဒမပြပါဘူးလို့ ကိုထင်ကျော် လက်မှတ်ထိုးခဲ့တယ် ပြောတယ်။ အခု (၁) လ အတွင်းမှာပဲ အခု ထပ်ပြတာ အဲဒါကိုရော သူတို့ ဘာပြောလဲ။

“ရက် (၅၀) ဆိုတာ ပြည်သူလူထုရဲ့ အခြေခံလိုအပ်ချက် (၁၇) ချက်ကို တောင်းဆိုထားတဲ့အတွက် ရက် (၅၀) အတွင်းမှာ ဒီ (၁၇) ချက်ကို သက်ဆိုင်ရာ အာဏာပိုင်တွေ ဘယ်လောက်အထိ တုံ့ပြန်မလဲ ဆိုတာကို ကျနော်က အခြေအနေ ကြည့်တဲ့သဘောပါ။ အခုဟာက ဒါတင်မဟုတ်ပါဘူး၊ ဘာသာရေး ပိတ်ဆို့တားဆီးတဲ့ကိစ္စ အဲဒါကို ကျနော်က သီခြား ဆန္ဒထုတ်ဖော်တာပါ။ ရက် (၅၀) နဲ့တော့ မပတ်သက်ပါဘူး။”

ဒီဗွီဘီ ။ ။ အခု ကိုထင်ကျော်တော့ တရက်ထဲ ပြန်လွတ်လာတယ်ပေါ့လေ။ လွန်ခဲ့တဲ့ (၃/၄) ရက်က။ အခုဆိုရင် တပတ်လောက်ရှိပြီး ဖမ်းသွားတဲ့ ကိုစိုးမြင့်ထိန်ရော၊ ဘာများကြားရသေးလဲ၊ တွေ့ခွင့်ရခဲ့လား။

“မတွေ့ခဲ့ဘူး အဲဒီမှာတော့။” ဒီဗွီဘီ ။ ။ (၂၂) ရက်နေ့က ဆန္ဒပြပွဲက တလပြည့်ပြီဆိုတော့ တလပြည့်တဲ့ အချိန်မှာ တစုံတရာများ ကိုထင်ကျော်တို့ တောင်းဆိုတဲ့ (၁၇) ချက်ထဲမှာ တစုံတရာများ ရရှိတာမျိုး၊ တိုးတက်တာမျိုး ရှိလား။ “အခုချိန်ထိတော့ ထူးထူးခြားခြား ဘာမှ မမြင်ပါဘူး။ သူတို့ ပြောလိုက်တာကတော့ လက်ရှိ နိုင်ငံတော် အစိုးရပိုင်းကလဲ ဖွဲ့စည်းပုံကို လုပ်တဲ့အကြောင်းရယ်၊ Road Map (၇) ချက်ကို အဲဒီလိုပဲ ရှင်းပြပါတယ်။ ဒါပေမဲ့ ကျနော့်ကတော့ ပြန်ပြောတယ်။ အဲဒါကို စိတ်မဝင်စားဘူးလို့ ပြောလိုက်တယ်။ လက်ရှိ ပြည်သူတွေ ဒုက္ခရောက်နေတယ်။ အဲဒီအပေါ်မှာပဲ စဉ်းစားမှာလို့။ ကျန်တာတွေက ကျနော်တို့ အပိုင်း မဟုတ်တဲ့အခါကျတော့ ဒါတွေကို စဉ်စားနေမှာလဲ မဟုတ်ဘူး၊ စောင့်ဆိုင်းနေတာလဲ မဟုတ်ဘူး။ လက်ရှိ ချက်ချင်းလက်ငင်း ဆောင်ရွက်ပေးပါ၊ ပြည်သူတွေ လိုအပ်ချက် (၁၇) ချက်ကို။ နောက်တခုက ကျနော် ဥပမာလေး ပြောပြတယ်ပေါ့။ ကျနော်တို့ဟာ (၈၈) မတိုင်ခင်တုန်းက ဦးနေဝင်း လက်ထက်တုန်းက မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဆိုပြီးတော့မှ ချီတက်လိုက်တာ ဘယ်ရောက်သွားမှန်း မသိဘူး။ (၈၈) မှာ တတိုင်းပြည်လုံး စုတ်ပြတ်သတ်သွားတယ် ဆိုတော့ အဲဒီလို အဖြစ်မျိုးကို ဒီကနေ့ ဆိုက်ရောက်တော့မယ်၊ ဆိုက်ရောက်နေဆဲ ဖြစ်တယ်။ အဲဒီတော့ ကျနော်တို့က ဒီလိုမျိုး ချွေးသိပ်တာတွေ၊ မျှောထည့်တာတွေ လုပ်ပြနေတာ ဒါတွေကို ကျနော်တို့က လက်မခံဘူး၊ စဉ်းလဲ မစဉ်းစားချင်ဘူး၊ လက်ရှိ ပြည်သူတွေ ငတ်နေတယ်။ ကျနော့်အသက်လဲ (၄၄) နှစ်ပါ။ (၄၄) နှစ်ဆိုတဲ့ သက်တမ်းမှာ တိုင်းပြည်က စုတ်ပြတ်သတ်နေပြီ၊ ဒါကို အမှန်မြင်ပါ၊ ဘာမှ မဖုံးကွယ်ပါနဲ့။ ဒီလိုပဲ ကျနော်ပြောပါတယ်။”

ဒီဗွီဘီ ။ ။ အခု တလပြည့်တဲ့ အချိန်မှာ ဘာမှ မရသေးတဲ့ အခါကျတော့ ရက် (၅၀) ပြည့်ရင်တော့ စောင့်ကြည့်ရမယ်ဆိုတဲ့ သဘောပေါ့။

“ဒါကတော့ ပြည်သူလူထုရဲ့ နိုးကြားတက်ကြွမှု အပေါ်မှာလဲ မူတည်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျနော်တယောက်နဲ့တော့ စွမ်းဆောင်လို့တော့ မရပါဘူး။ ကျနော်လဲ ပြည်သူထဲက ပြည်သူတယောက်ပါ။ ပြည်သူတွေ အတွက်ကို တာဝန်ကျေချင်တာရယ်၊

နောက်တခုက ဒီဝန်ထုပ်ဝန်ပိုးကြီးကို နောက်မျိုးဆက်ကို မထားခဲ့ချင်ဘူး။ အဲဒီအတွက် ကျနော်က အသက်စွန့်ဖို့လဲ အဆင်သင့်ပါ၊ သေဆိုလဲ သေလို့ရပါတယ်၊ ကျနော်ဘက်က တာဝန်ကျေဖို့ အစွမ်းကုန် ဆောင်ရွက်သွားမှာပါ။”

(အစသို့)

---

## ညောင်တုန်း၌ ဗိုလ်ချုပ်မှူးကြီးသမီး မင်္ဂလာဆောင်အခွေ ကြည့်သူ လူငယ်နှစ်ဦး ဖမ်းဆီးခံ

*၂၄ ၊ မတ် ၊ ၂၀၀၇*

ယခုဆက်ပြီး နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ကိုယ်ရေးကိုယ်တာနှင့် သက်ဆိုင်သည့် အထူးသတင်းတပုဒ်ကို တင်ပြလိုက်ပါသည်။

“ဒီကနေ့ ကျင်းပနေတဲ့ပွဲက နေပြည်တော်နေ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးသန်းရွှေနှင့် ဒေါ်ကြိုင်ကြိုင်တို့ရဲ သမီးထွေး မသန္တာရွှေနှင့် ---”

ပြီးခဲ့သည့် ဇူလိုင်လ (၂) ရက်နေ့တွင် ဇေယျာသီရိဗိမာန်တွင် ကျင်းပခဲ့သည့် နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် သမီးတော် သန္တာရွှေ၏ မင်္ဂလာဆောင် တနည်းအားဖြင့် စိန်စီသောညအဖြစ် နာမည်ကြီးတေသည့် စီဒီအခွေထဲမှ အသံတွေဖြစ်ပါသည်။ ယခု ၄င်းစီဒီခွေကို ခွင့်ပြုချက်မရဘဲ ကြည့်ရှုလို့ဆိုပြီး ရောဝတီတိုင်း ညောင်တုန်းမြို့က လူငယ် (၂) ဦးကို အာဏာပိုင်များမှ ဖမ်းဆီးလိုက်ပြီဖြစ်ပါသည်။

“ဘယ်လိုလဲဆိုတော့ (၂၀) ရက်နေ့မှာ ကိုသန်းထွန်းဆိုတဲ့ လူတယောက်ရဲ့ အိမ်ကို ဝင်ရှာတယ်။ ရဲနဲ့ စဖရနဲ့ နောက် ရပ်ကွက်လူကြီးတွေလဲ ပါတယ်။ အဲဒီမှာ အခွေတခွေ သွားတွေ့တယ်။ ဗိုလ်ချုပ်မှူး ဦးသန်းရွှေရဲ့ သမီးမင်္ဂလာဆောင် အဲဒီအခွေ သွားတွေ့တယ်။ အဲဒီမှာ သူ့ကို စခန်းကိုလဲ ခေါ်သွားတယ်။ အဲဒီအခွေ ဘယ်ကရလဲ၊ ဘာညာနဲ့ မေးတော့ ပထမ သူက ကောက်ရတယ်လို့ ပြောထားတယ်တဲ့။ နောက်နေ့ ကိုတင်ဌေးဆီက ရတယ်လို့ ထွက်လိုက်တယ်။ အဲဒါနဲ့ (၂၂) ရက်နေ့မနက်ပိုင်း (၁) နာရီခွဲလောက်မှာ အိမ်ကို လာတယ်။ ကိုသန်းထွန်းရဲ့ ထွက်ချက်အရ ဒီမှာ အခွေတွေ စစ်ဆေးချင်လို့ဆိုပြီး ဝင်လာတယ်။ အိမ်မှာရှိတဲ့ အခွေအားလုံးကို သူတို့ အောက်စက်နဲ့ ဖွင့်ပြီးတော့ ကြည့်တယ်။ တခွေချင်း ကြည့်တယ်။ အိမ်မှာကလဲ သီချင်းခွေတွေချည်းပဲ ရှိတာလေ။ တရားဝင် အခွေတွေချည်းပဲ တရားမဝင်တာ ပါကိုမပါဘူး။ နောက်တော့ ဒီမှာလဲ ဘာမှ မတွေ့ရှိဘူး။ မှတ်ချက်တွေ ဘာတွေရေး၊ ပြန်ခါနီးကျတော့ စခန်းကို ခဏလာခဲ့ပါအုံး ဆိုတော့ သူတို့ ထွက်သွားကြတယ်။ ကိုတင်ဌေးလဲ ရေမိုးချိုးပြီးတော့ နောက်ကနေ လိုက်သွားတယ်။ (၁၂) နာရီလောက်က ထွက်သွားတာ။ နောက်ပိုင်း အိမ်ကို ပြန်မလာတော့ဘူးပေါ့နော်။”

စိန်စီသောည ဗွီဒီယို စီဒီကြည့်ရှုမှုနှင့် ဖမ်းဆီးခံလိုက်ရသူ ညောင်တုန်းမြို့မှ ကိုသန်းထွန်းနှင့် ကိုတင်ဌေးတို့၏ အခြေအနေနှင့် ပတ်သက်ပြီး၊ ကိုတင်ဌေး၏ဇနီးသည် မလွင်လွင်မာ ပြောပြသွားခြင်း ဖြစ်ပါသည်။ အသက် (၄၀) ဝန်းကျင်ရှိသူတို့ (၂) ဦးကို အခုလောလောဆယ် ညောင်တုန်းရဲစခန်းတွင် ဖမ်းဆီးထားပြီး ပုဒ်မ (၅၀၅) နိုင်ငံတော် ခေါင်းဆောင်များအား အကြည်ညိုပျက်အောင် လုပ်မှုနှင့် စွဲချက်တင်လိုက်ပြီဟု သိရပါသည်။ ၄င်းအမှုကို လာမဲ့ (၂၉) ရက်နေ့တွင် ရုံးထုတ်စစ်ဆေးမည် ဖြစ်ကြောင်း သိရသည့်အတွက် ဘယ်လိုဆက်ဖြစ်လာအုံးမလဲ ဆိုသည်ကို စိန်စီသောည၊ ဗွီဒီယို ချစ်သူများမှ အထူးစိတ်ဝင်စား နေကြကြောင်းသိရပါသည်။ တကယ်တော့ စိန်စီသောည ဗွီဒီယို အခွေကို စစ်အစိုးရအရာရှိများ ကိုယ်တိုင်က ဖြန့်ဝေနေခြင်းဖြစ်ပြီး တနိုင်ငံလုံး အုံးအုံးကြွက်ကြွက် ကြည့်ရှုဝေဖန် အပုတ်ချပြောဆိုနေသည်မှာ (၈) လနီးပါး ရှိနေပြီ ဖြစ်ပါသည်။ တနိုင်ငံလုံး ပျံ့နှံ့နေသည့် အခွေနှင့် ပတ်သက်ပြီး ဖမ်းဆီးမယ်ဆိုရင် ဗွီဒီယိုရိုက်ကူး ဖြန့်ဝေသူ အစိုးရ အရာရှိတွေကိုသာ ဖမ်းရမည် ဖြစ်သော်လည်း ယခု မဆီမဆိုင် ရုပ်ရှင်ကြည့် ပရိတ်သတ်များကို လာဖမ်းသည်မှာ အဓိပ္ပါယ်မရှိကြောင်း ကိုတင်ဌေး၏ ဇနီးသည် မလွင်လွင်မာမှ ယခုလိုဝေဖန်သွားခဲ့ပါသည်။

“ကျမကလဲ ဘယ်လို ပြောရမှန်း မသိသေးဘူး။ တရားရုံးကျမှပဲ သေသေချာချာ နားထောင်ရမယ်လေ။ ကိုတင်ဌေးနဲ့ ဒီနေ့ကတော့ ပေးတွေ့တယ်။ အချုပ်ခန်းထဲရောက်ပြီး ဒီကနေ့ နေ့ခင်းပိုင်းကတော့ စခန်းမှူးက တွေ့ခွင့်ပေးတယ်လေ။ ကျမလဲ တွေ့မလို့ သွားတယ်။ သွားတော့ ကာယကံရှင် နှစ်ယောက်လုံးက ဘယ်လိုဖြစ်လဲဆိုတော့ လက်ထိပ်နဲ့ ထွက်တွေ့ရမယ်ဆိုရင် မတွေ့ဘူးတဲ့။ စခန်းမှူးကလဲ သူတို့ တာဝန်အရတော့ လက်ထိပ်ခတ်ရမယ်လို့ ပြောတယ်။ အဲဒါနဲ့ သူတို့ နှစ်ယောက်ကလဲ ထွက်မတွေ့တော့ ကျမလဲ ပြန်လာခဲ့တယ်။ ဒီအခွေကလဲ တနိုင်ငံလုံး အနှံ့ပဲလေ။ စလောင်းကလဲ လွှင့်ထားတယ် မဟုတ်လား၊

ဒီလိုပဲ ကျမတို့ အိမ်နားပတ်ဝန်းကျင်မှာလဲ ကြည့်နေကြတာပဲ။ ဒါကတော့ အန္တရာယ် ဒီလောက် မရှိဘူးလို့ အကုန်လုံး ထင်ကြတာပါပဲ။ အဲဒီ အခွေတွေသာ လိုက်သိမ်းရင် တနိုင်ငံလုံး သိမ်းလို့တောင် နိုင်မှာ မဟုတ်ပါဘူး။”

(အစသို့)

---

## ဦးသိန်းဇံ၏အမှု အာမခံမပေးဘဲ ရုံးချိန်း ထပ်မံချိန်းဆို

၂၆ ၊ မတ် ၊ ၂၀၀၇

ဟုတ်ပဲ့မလား မောင်ကာဠုရယ်ဆိုပြီး နေအိမ်ခြံစည်းရိုး စာကပ်မှုနှင့် ဖမ်းဆီးခံထားသည့် သင်္ကန်းကျွန်းမြို့နယ်မှ ဦးသိန်းဇံကို မြို့နယ်တရားရုံးမှ အာမခံမပေးပဲ နောက်ထပ် ရုံးချိန်းပေးလိုက်ကြောင်း သိရပါသည်။ ယနေ့ တရားခွင်အတွင်းတွင် တရားလို ရပ်ကွက်ရယက အဖွဲ့ဝင် လူကြီးများကို စစ်ဆေးခဲ့ပါသည်။ ၎င်း အခြေအနေကို တရားရုံးတွင် ကိုယ်တိုင် စစ်မေးခဲ့ရသူ အကျိုးဆောင် ရှေ့နေကြီး ဦးအောင်သိန်းမှ အခုလို ပြောပြပါသည်။

“ရယက ဥက္ကဋ္ဌ ဦးစိုးမြင့်နဲ့ အဖွဲ့ဝင်ဦးမျိုးမင်းတို့ နှစ်ယောက်ကို ဒီကနေ့ စစ်တယ်လေ။ သူတို့ကတော့ ဦးသိန်းဇံအိမ်ရှေ့မှာ ဒီလို တွေ့ရှိပါတယ်။ ဦးသိန်းဇံဟာ နိုင်ငံရေးနဲ့ ပတ်သက်တဲ့လူ မဟုတ်ပါဘူးဆိုတော့ ရဲမှူးဆီကို အစီရင်ခံတာ တင်တာပေါ့။ တင်တဲ့အခါမှာလဲ စာရေးပြီး ဦးသိန်းဇံက အခုလို စာရေးပြီး လုပ်တာဟာ ဘာမှ ကြီးကျယ်တဲ့ အုတ်အော်သောင်းနင်း မဖြစ်ဘူးဆိုတာ ပေါ်ပေါက်တဲ့သဘောတော့ တွေ့ရပါတယ်။ ကုန်ဈေးနှုန်း ကြီးတာတို့၊ မီးမလာဘူးဆိုတာတို့ ကိစ္စရပ်တွေကလဲ နေ့စဉ်သာမန်လူတွေမှာ တွေ့ကြုံရတဲ့ ပြဿနာတွေ ဖြစ်တယ်ဆိုတာကိုလဲ သူတို့ ဝန်ခံပါတယ်။ ဒါကိုလဲ ဦးသိန်းဇံကနေ ကုန်ဈေးနှုန်း ကြီးမြင့်တဲ့ကိစ္စ၊ မီးမလာတဲ့ကိစ္စတွေကို ရေးထားခြင်းပဲ ဖြစ်ပါတယ်လို့ သူတို့ ထွက်ပါတယ်။ အဲဒီတော့ ဦးသိန်းဇံဘက်က ကောလာဟလတွေ ဖြစ်အောင် ထုတ်လွှင့်တာတို့၊ အုတ်အော်သောင်းနင်းဖြစ်အောင် ကြံစည်တဲ့ အစီအစဉ်တွေ မဟုတ်ဘူးဆိုတာကိုလဲ စစ်ဆေးသွားတဲ့ သက်သေတွေကတော့ အမှန်အတိုင်း ထွက်ဆိုသွားကြတာပဲလေ။”

ယနေ့ ဦးသိန်းဇံကိုအာမခံနှင့် လွှတ်ပေးရန် လျှောက်ထားခဲ့သော်လည်း မရရှိခဲ့သည့် အကြောင်းကိုလဲ – – –

“အာမခံကို တရားရုံးက ပယ်တယ်။ လာမဲ့ တနင်္လာနေ့ကို ရုံးပြန်ချိန်းတယ်။ အဲဒီမှာ စွဲချက် တင်သင့်မတင်သင့် အမိန့်ချမယ်လို့လဲ တရားရုံးက ပြောတယ်။ သေဒဏ်ကျတဲ့ အမှုတို့ တသက်တကျွန်း ကျနိုင်တဲ့အမှုကလွဲရင် ကျန်တဲ့ဥစ္စာ အာမခံချက် ပေးနိုင်တယ်လို့လဲ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၄၉၇) မှာ အဲဒီလို ပြဋ္ဌာန်းထားတာကိုး။ ဒါကြောင့်မို့ ကျနော်တို့က လျှောက်တယ်။ သူတို့က အာမခံချက် မပေးတာလဲ မတတ်နိုင်ဘူးပေါ့။”

ယနေ့ တရားခွင်ကို (၈၈) ကျောင်းသားများ၊ လူ့အခွင့်အရေး လှုပ်ရှားသူများ စိတ်ပါဝင်စားသည့် ပြည်သူလူထု (၁၀၀) လောက် သွားရောက်ပြီး ဦးသိန်းဇံကို အားပေးခဲ့ကြသည်ဟု သိရပါသည်။ တရားခွင်ကို ရောက်ရှိခဲ့သူ (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုကိုကြီးမှ –––

“ဒီအမှုက ရုံးကိုရောက်လာရမဲ့အမှု မဟုတ်ဘူး။ ရယကဥက္ကဋ္ဌ အသစ်တွေ ရွေးချယ်လိုက်ပြီး နောက်ပိုင်းမှာ သူတို့ စိတ်ထဲမှာသိနေတဲ့ အသိက သူတို့ နယ်မြေအတွင်းမှာ နိုင်ငံရေး လှုပ်ရှားမှုတွေကို ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်မယ်ဆိုရင် အထက်အဖွဲ့အစည်းတွေက သဘောကျမှာပဲဆိုတဲ့ အသိမျိုးနဲ့ တရွာတပုဒ်ဆန်း ဆိုသလို လုပ်နေကြတာတွေက မြောက်ဥက္ကလာမှာလဲ တွေ့ရသလို၊ အခု သင်္ကန်းကျွန်းမှာလဲ တွေ့ရတယ်။ တချို့နယ်တွေမှာလဲ တွေ့ရတယ်။ ဘယ်လို ဖြစ်နေလဲဆိုတော့ ထောင်နဲ့ပဲ ခြိမ်းခြောက်နိုင်းမယ်။ ထောင်ပိုင်ကနေပြီးတော့ မရိုက်ရဘူးလို့ တိတိကျကျ အမိန့်မထုတ်မခြင်း ရိုက်လို့အမိန့်ပေးစရာ မလိုဘူး။ ဝန်ထမ်းဆိုးတွေပေါ့လေ နိုင်ငံရေး အကျဉ်းသားကို ရိုက်နှက်ရင် သူရာထူးတိုးမလား၊ နေရာကောင်းရမလားဆိုတဲ့ သူ့အသိနဲ့သူ ခံစားပြီးတော့ ရိုက်တော့တာပဲ။ ဆိုလိုတာကတော့ ထိပ်ဆုံးထောင်ပိုင်ကနေ မရိုက်နဲ့လို့ အမိန့်မပေးမခြင်း ရိုက်လို့ အမိန့်ပေးစရာ မလိုဘူး။ အောက်က ရိုက်ချင်တဲ့ကောင်က ရိုက်မယ်၊ စိတ်ထားသဘောထား ကောင်းတဲ့၊ သိမ်သိမ်မွေ့မွေ့ ဆက်ဆံတတ်တဲ့ သူကတော့ လူပုဂ္ဂိုလ်အပေါ်မှာ မူတည်ပြီးတော့ ဆက်ဆံရေးက သိမ်မွေ့မယ်။ စသဖြင့် အဲဒီလိုပဲ ဖြစ်နေတယ်လို့ ကျနော်ကတော့ မြင်တယ်။”

တဆက်တည်းမှာပင် ဦးသိန်းဇံအမှုကို လူအများမှ စိတ်ဝင်တစား စောင့်ကြည့်နေကြကြောင်းကိုလည်း ကိုကိုကြီးမှ ယခုလို ဆက်ပြောပါသည်။

“ရုံးချိန်းမှန်သမျှကို သွားပြီးတော့ ကျနော်တို့ လေ့လာနေကြတာက တရားရုံးရဲ့ အဆုံးအဖြတ်ဟာ လွတ်လွတ်လပ်လပ် စီရင်ဆုံးဖြတ်နိုင်တဲ့ အခြေအနေ ရှိသလား၊ တရားသူကြီးဟာ ဥပဒေအတိုင်း တခြား ဘယ်သူ့မျက်နှာမှ ကြည့်စရာ မလိုဘဲနဲ့ ဥပဒေ မျက်နှာကို တခုထဲကိုပဲ ကြည့်ပြီးတော့ လွတ်လွတ်လပ်လပ် ဆုံးဖြတ်သလား ဆိုတာကို စောင့်ကြည့်နေကြတာပါ။”

နေအိမ်ခြံစည်းရိုး စာကပ်မှုနှင့် ဖမ်းဆီးခံထားရသည့် သင်္ကန်းကျွန်းမြို့နယ်မှ ဦးသိန်းဇံကို မြို့နယ်တရားရုံးမှ အာမခံမပေးပဲ နောက်ထပ် ရုံးချိန်းပေးလိုက်ကြောင်း သတင်းပေးပို့ချက် ဖြစ်ပါသည်။

**(အစသို့)**

---

## ခြံစည်းရိုး စာကပ်သူ ဦးသိန်းဇံကို အာမခံဖြင့် ပြန်လည်လွှတ်ပေး

*၂၈ ၊ မတ် ၊ ၂၀၀၇*

ဟုတ်ပါမလား မောင်ကာဠုရယ်ဆိုပြီး မိမိအိမ် ခြံစည်းရိုးတွင် စာကပ် ထုတ်ဖော် ပြသမှုကြောင့် ဖမ်းဆီးခံရသူ သင်္ကန်းကျွန်းမြို့နယ်မှ ဦးသိန်းဇံကို ယနေ့ ညနေပိုင်းတွင် အာမခံနှင့် ပြန်လွှတ်ပေးလိုက်ပြီဟု သိရှိရပါသည်။ ပြီးခဲ့သည့်ရက်ပိုင်း တရားရုံး ရုံးချိန်းမှာတော့ ဦးသိန်းဇံကို အာမခံပေးရန် လျှောက်လဲခဲ့သော်လည်း ငြင်းဆိုခဲ့ပါသည်။ ယနေ့ ညနေပိုင်းတွင် ကြားဖြတ် အာမခံပေးပြီး ပြန်လွှတ်လိုက်ခြင်း ဖြစ်ကြောင်း မိသားစုဝင်များမှပြောပါသည်။ ယနေ့ အာမခံ ပေးပုံကလဲ ထူးဆန်းနေကြောင်းလည်းမိသားစုမှ ဆက်ပြောပြပါသည်။ နေ့လည်ပိုင်းလောက်တွင် ဦးစိုးမြင့်နှင့် ဦးကြည်မောင်ဆိုသူ နှစ်ဦး ၄င်းတို့အိမ်ကို ရောက်ရှိလာပြီး တရားရုံးကို လိုက်ရန် ခေါ်ယူခဲ့သည်ဟု သိရှိရပါသည်။ ဦးသိန်းဇံ သတင်းကို ရေဒီယိုများမှ ကြားရပြီး သနားမိ၍ အာမခံရအောင် လုပ်ပေးနိုင်သည့် ပြည်သူများပါဆိုပြီး တရားရုံး ခေါ်သွားကြောင်း ဆိုပါသည်။ မိသားစုများမှ ဘယ်အဖွဲ့အစည်းကလည်း မေးသည့်အခါမှာတော့ ၄င်းတို့ဟာ ပြည်သူများပါလို့ပဲ ပြောပြီး ဦးသိန်းဇံကို အာမခံရအောင် လုပ်ပေးလိုက်ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

**(အစသို့)**

---

## အာမခံဖြင့် ပြန်လည်လွှတ်မြောက်လာသူ ဦးသိန်းဇံနှင့် ဆက်သွယ် မေးမြန်းချက်

*၂၈ ၊ မတ် ၊ ၂၀၀၇*

ယနေ့ ညနေပိုင်းတွင် အာမခံနှင့် ပြန်လွှတ်လာခဲ့သည့် သင်္ကန်းကျွန်းမြို့နယ်မှ ဦးသိန်းဇံနှင့် မေးမြန်းချက်ကို ဖြစ်ပါသည်။ ပထမဆုံး မေးခဲ့တာကတော့ ဒီကနေ့ ပြန်လွှတ်လာသည့် အနေအထားကို ရှင်းပြပေးရန် ဖြစ်ပါသည်။

“ကျနော့်ကို ညနေ (၅) နာရီလောက်မှာ အင်းစိန်ထောင်ထဲမှာ ကျနော့်ကို လာခေါ်ပါတယ်။ လာခေါ်တော့ ကျနော် လိုက်လာပြီးတော့ ထောင်ဗူးဝရောက်မှ ကျနော့်ကို အာမခံနှစ်ယောက်နဲ့ ကျနော့်ကို ပြန်လွှတ်ပေးတယ်လို့ ပြောပါတယ်။ ဒါပေမဲ့ ကျနော် ရုံးချိန်းတော့ တက်ရပါလိမ့်မယ်။ ရုံးချိန်းက (၂) ရက်နေ့မှာပါ။”

ဒီဗွီဘီ ။ ။ ဟိုနေ့က တရားရုံးမှာ အန်ကယ်ကို အာမခံပေးဘဲနဲ့ အခုမှ ကြားဖြတ် အာမခံ ပေးလိုက်တာ ဘယ်လိုသဘောမျိုးလဲ။

“သူတို့ကတော့ အာမခံနှစ်ယောက် လာလုပ်သွားတယ် ပြောတာပဲ။ ကျနော့်ဇနီးကို လာခေါ်သွားပြီးတော့ အာမခံလုပ်တဲ့ လူတွေက တယောက်ကို သိန်း (၁၀၀) တဲ့။ အဲဒီ အာမခံ နှစ်ယောက်နဲ့ ကျနော့်ကို အင်းစိန်းထဲကနေ ထုတ်လာပြီးတော့ ရဲဌာနကို ခေါ်ပါတယ်။ ရဲဌာနကနေ လွှတ်ပေးလိုက်တယ်။

ဒီဗွီဘီ ။ ။ အဲဒီ သူတွေက ဘယ်သူတွေလဲ အန်ကယ်သိလား။ ဘယ်သူတွေက အာမခံ ငွေစိုက်ပြီး ထုတ်သွားတာလဲ။

“ကျနော်လဲ မသိဘူး၊ အိမ်ကလူတွေလဲ မသိဘူး။ ကျနော့်ဇနီးကို လာခေါ်သွားပြီးတော့ ကျနော်တို့ အာမခံလုပ်ပေးပါမယ် ဆိုပြီးတော့ အဲဒီမှာ အာမခံ လုပ်လာတာပါပဲ။”

ဒီဗွီဘီ ။ ။ အဲဒီလို သိန်း (၁၀၀) အာမခံကို ဘယ်သူမှန်း မသိဘဲနဲ့ လာထုတ်ပေးတာကို အန်ကယ် ဘယ်လို မြင်လဲ။

“ပြောလို့တော့ မရဘူးလေ။ သူတို့က ဘယ်လိုမှန်းလဲ မသိတော့ ပြောလို့တော့ မရသေးဘူး။”

ဒီဗွီဘီ ။ ။ အန်ကယ် ထောင်ထဲမှာ အချုပ်သားဘဝနဲ့ ဘယ်လောက် နေခဲ့ရလဲ။ “ရက် (၂၂) ရက်လောက် နေခဲ့ပါတယ်။”

ဒီဗွီဘီ ။ ။ ဘယ်လိုမျိုး နေထိုင်ခဲ့တယ် ပြောလို့ရမလား။

“နေထိုင်ခဲ့တာကတော့ ကောင်းကောင်းမွန်မွန်ပါပဲ။”

ဒီဗွီဘီ ။ ။ ဖမ်းတုန်းက အန်ကယ်ကို ဘာကြောင့် ဖမ်းတာလဲ ခြံစည်းရိုးမှာ ဟုတ်ပဲ့မလား မောင်ဌေးလှုရယ်လို့၊ အဲဒါကို အန်ကယ် နည်းနည်း ပြန်ပြောလို့ ရမလား။

"ကျနော်က ခြံစည်းရိုးတံခါးမှာ ကျနော့် အမျိုးသမီးက ဈေးကနေ ကြက်သွန်ဥ လေးလုံး ဝယ်လာတယ်။ ကြက်သွန်ဥက ယောကျ်ား လက်ညှိုးနဲ့ လက်မလောက်စာပေါ့။ အဲဒီဥ လေးလုံးကို ဝယ်လာပြီးတော့ (၃၀၀) ပေးရပြောတော့ ကျနော်ကလဲ (၄၂) နှစ်ခုနှစ် မွေးဖွားလာတဲ့ စောစောပိုင်း မိခဲ့တဲ့ ပုဂ္ဂိုလ်ဆိုတော့ ဒီလေးလုံးကို (၃၀၀) ဖြစ်ရမလား ဆိုပြီးတော့ ကျနော် ဒေါသဖြစ်သွားတယ်။ အဲဒီ ဖြစ်သွားတဲ့ အချိန်မှာ ကျနော် စာကပ်ရေးတော့တာပဲ။"

ဒီဗွီဘီ ။ ။ အရဆကသအဒိးကက အန်ကယ်ဆန္ဒက ဘာလဲ။ ကိုယ့်ခြံထဲကို စာကပ် ဖြစ်လောက်အောင်။

"ကျနော့်ဆန္ဒကတော့ မိသားစု စားဝတ်နေရေးအတွက် မီးဖိုချောင်သုံး ပစ္စည်းလေးတွေ ဈေးနှုန်းကျရင် တော်ပြီ။

" ဒီဗွီဘီ ။ ။ ကျနော်တို့ သိရသလောက်က အန်ကယ် အဲဒီစာကပ်ပြီး ရက်တော်တော်ကြာမှ အန်ကယ့်ကို လာဖမ်းတာ မဟုတ်လား။

"ဆိုပါတော့။ (၂၂) ရက်နေ့လောက် ကပ်ပြီးတော့ အဲဒီနေ့ (၁၀) နာရီ၊ (၁၁) နာရီလောက် ဓါတ်ပုံလာရိုက်တာပဲ။ ဘာလဲဆိုတော့ (၂၆) လမ်းမှာနဲ့က သူက အံကိုက်လို ဖြစ်သွားတယ်။ (၂၆) လမ်းမှာ ဖြစ်တဲ့ ကိုထင်ကျော်တို့ ကိစ္စနဲ့က။ အံကိုက်လို ဖြစ်သွားတော့ မတ်လ (၅) ရက်နေ့မှာ ကျနော့်ကို လာပြီးတော့ ရဲမှူးကြီးကနေ လာပြီးတော့ ရပ်ကွက် ကောင်စီရုံးမှာတင် ခေါ်မေးတယ်။ မြို့နယ်မှူးပေါ့။"

ဒီဗွီဘီ ။ ။ တရားရုံးကတော့ ဆက်တက်ရမယ်။ စွဲချက်တင်သင့် မတင်သင့်က ရှေ့လာမဲ့ အပတ်မှာ ဆုံးဖြတ်မယ်ဆိုတော့ အန်ကယ် ဘယ်လိုမျိုး မျှော်လင့်ထားလဲ။ "

"ကျနော့် ကိစ္စကတော့ ယှဉ်ကြည့်မယ်ဆိုရင် ကျနော့်ကိစ္စက သေးသေးလေးပါ။ (၂၆) လမ်းမှာ ကိုထင်ကျော်တို့ ပြတာလဲ ဘာမှ မဖြစ်ဘူး၊ အုတ်အော်သောင်းနင်းနဲ့ လူ (၁၀၀) ကျော်လောက် တန်းစီပြီး အော်သွားသေးတာပဲ။ သူတို့ အော်တာတောင် ဘာမှ မဖြစ်ဘူးဆိုရင် ကျနော် ကိစ္စက သေးသေးလေးပဲ။ မဖြစ်ဘူးလို့ ကျနော် ယူဆပါတယ်။"

သူဖမ်းဆီးခံရစဉ်က အိမ်တိုင်ယာရောက် လာရောက် အားပေးခဲ့သူများကို အထူး ကျေးဇူးတင်ကြောင်းလဲ ဦးသိန်းဇံမှ ပြောပြသွားခဲ့ပါသည်။

(အစသို့)

---

## ဗိုလ်ချုပ်ကဗျာ ရေးစပ်သူ ကျောက်ဆည်မှ စာပေသမားတဦး ဖမ်းဆီးခံရ

*၂၉ ၊ မတ် ၊ ၂၀၀၇*

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်အတွင်းက စာပေသမားတဦးကို ဗိုလ်ချုပ် အောင်ဆန်းမွေးနေ့ ဂုဏ်ပြုကဗျာ ရေးသားမှုနှင့် ဖမ်းဆီးထားကြောင်းကို သိရပါသည်။ အဖမ်းခံရသူမှာ ကျောက်ဆည်မြို့နယ် တောမကျေးရွာမှ စင်သီယာ လက်ဖက်ရည်ဆိုင် ပိုင်ရှင် ကိုကျော်သူမိုးမြင့် ဖြစ်ပါသည်။ ၄င်းသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၁၄) ရက်နေ့က ဗာလင်တိုင်းနေ့ အမှတ်တရအဖြစ် အထင်ကရာ ဆေးစက်များ ဆိုသည့် ကဗျာစာအုပ် တအုပ်ရေးပြီး သူငယ်ချင်းများအား အခမဲ့ ဖြန့်ဝေခဲ့သည်ဟု ဆိုပါသည်။ ၄င်းစာအုပ်ထဲတွင် ကဗျာ (၁၁) ပုဒ်ပါပြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုစပ်ဆိုထားသည့် ကဗျာ (၂) ပုဒ်လဲ ပါဝင်သည်ဟု သိရပါသည်။ ၄င်းကဗျာစာအုပ် ရေးသားဖြန့်ဝေမှုနှင့် ပတ်သက်ပြီး ရယက ဥက္ကဋ္ဌ ကိုမိုးမိုး၏ တိုင်ကြားချက်အရ မြို့နယ် မဝတ ဥက္ကဋ္ဌက ကိုကျော်သူမိုးမြင့်ကို ခေါ်ယူစစ်ဆေး ခဲ့ပါသည်။ နောက်နောင် ဒီလို ကဗျာစာအုပ် ရေးသားထုတ်ဝေခြင်း မလုပ်တော့ဘူးဆိုသည့် ခံဝန်လက်မှတ် ထိုးပေးခဲ့ရကြောင်းကို မိသားစုနဲ့ နီးစပ်သူ များမှပြောပါသည်။ သို့ပေမဲ့ အခုလ (၂၆) ရက်နေ့မတွင် ကိုကျော်သူမိုးမြင့်ကို နယ်မြေခံ အာဏာပိုင်များမှ ဖမ်းဆီးသွားပြီး အခုလောလောဆယ် စဥ့်ကိုင်အချုပ်တွင် ချုပ်ထားကြောင်း သိရပါသည်။ ကိုကျော်သူမိုးမြင့် အဖမ်းခံရခြင်းနှင့် ပတ်သက်ပြီး မိသားစုဝင်တဦးမှ ယခုလို အတည်ပြု ပြောပြထားပါသည်။

"ဟုတ်ပါတယ်။ စဥ့်ကိုင်မှာလို့ ပြောပါတယ်။ သူက လုပ်ငန်းကတော့ လဘက်ရည်ဆိုင်ပါ။ ကဗျာရေးလို့လို့ ပြောတာပဲ။ စာမူခွင့်ပြုချက် မရှိဘဲနဲ့ စာအုပ်ထုတ်လိုက်လို့ စာနယ်ဇင်းက တရားစွဲတယ်လို့ ပြောတာပဲ။ သူက အလကား ဝေတာပါ။ ရောင်းတာ မဟုတ်ဘူး။ ချစ်သူများနေ့ဆိုပြီး အဲဒီလို အပျော်တမ်း လုပ်တာပေ့ါလေ၊ ဒါပေမဲ့ သူတို့ ဘာနဲ့ ငြိလို့လဲတော့ မသိဘူး။"

ယခုအခါ ကိုကျော်သူမိုးမြင့်အား တရားမဝင် ပုံနှိပ်ထုတ်ဝေမှုနှင့် အာဏာပိုင်များမှ တရားစွဲထားကြောင်း သိရပါသည်။ ၄င်းအမှုကို စဉ့်ကိုင်မြို့ ပြန်ကြားရေးနှင့် ဆက်သွယ်ရေး တာဝန်ခံ ဒေါ်ဝေဝေဖြိုးမှ တရားလိုအဖြစ်နှင့် စွဲချက် တင်ထားကြောင်းကိုလည်း သိရပါသည်။ အတည်မပြုနိုင်သေးသည့် သတင်းများအရ ကိုကျော်သူမိုးမြင့်၏ ကဗျာစာအုပ်ထဲတွင်ပါသည့် မှန်အိမ်မှ မီးဇာကို မြှင့်တင်ပါဆိုသည့် ရေးသားမှုအပေါ် အာဏာပိုင်များမှ မကျေနပ်ခြင်းကြောင့် ဖမ်းဆီးခဲ့ခြင်း ဖြစ်ကြောင်း သိရပါသည်။ ၄င်းသတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ အာဏာပိုင်များထံ ဖုန်းဆက်သွယ်ခဲ့သော်လည်း အဆက်အသွယ် မရခဲ့ကြောင်းပါ။

(အစသို့)

---

## ညောင်တုန်းမှ စိန်စီသောညအခွေ ကြည့်မှုဖြင့် အဖမ်းခံရသူများ၏ ရုံးချိန်းရက် ထပ်ရွှေ့

*၂၉ ၊ မတ် ၊ ၂၀၀၇*

ပိုလ်ချုပ်မှူးကြီး သန်းရွှေ၏ သမီး မင်္ဂလာဆောင်ခွေဖြစ်သည့် စိန်စီသောည ဗွီစီဒီခွေ ကြည့်မှုစွဲချက်နှင့် ဖမ်းဆီးခံနေရသူ ညောင်တုန်းမြို့သား (၂) ဦး၏ အမှုရုံးချိန်းကို လာမည့် ဧပြီလ (၅) ရက်နေ့ကို ထပ်မံ ရွှေ့ဆိုင်းလိုက်ကြောင်း သိရပါသည်။ လွန်ခဲ့သည့် မတ်လ (၂၀) ရက်နေ့တွင် ညောင်တုန်းမြို့နေ ကိုသန်းထွန်းနှင့် ကိုတင်ဌေးတို့ (၂) ဦးကို အဆိုပါ ဗွီစီဒီခွေ လက်ဝယ်ထားရှိမှုနှင့် ဖမ်းဆီးထားခြင်းဖြစ်ပါသည်။ ယနေ့တွင် ရုံးထုတ်စစ်ဆေးခဲ့ပြီး တရားသူကြီး ဒေါ်စောနွဲ့နွဲ့ဝင်းမှ လာမယ့် ဧပြီလ (၅) ရက်နေ့ကို ရက်ချိန်းထပ်ပေးလိုက်သည်ဟု ဖမ်းဆီးခံထားရသူများ၏ မိသားစုဝင်များ၏အပြောအရ သိရပါသည်။

(အစသို့)

---